
အဆုံးမဲ့
မင်းမဲ့စရိုက်အောက်မှ
ရိုဟင်ဂျာ
နူရုလ်အိစ်လာမ်

# အဆုံးမဲ့
# မင်းမဲ့စရိုက်အောက်မှ
# ရိုဟင်ဂျာ

နူရုလ်အိစ်လာမ်

၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလတွင် ပထမအကြိမ် ပုံနှိပ်ထုတ်ဝေသည်။

အာရကန် မှ ရိုဟင်ဂျာ ပြည်သူများအတွက်

# နိဒါန်း

ရိုဟင်ဂျာ လူမျိုးတို့သည် ငြိမ်းချမ်းရေး ကို မြတ်နိုးသူများ ဖြစ်သည်။ အာရကန် တွင် နှစ်ရှည်လများ သမိုင်းကြောင်း နှင့် နေထိုင်သူများဖြစ်သည်။ သူတို့သည် နှစ်ပေါင်းများစွာ အကျပ်အတည်း ဘေးရန် ပေါင်းစုံနှင့် ရင်ဆိုင်နေရသည်။ ရိုဟင်ဂျာ အရေးသည် တရားမဝင် လူဝင်မှုပြဿနာ တရပ်မဟုတ်ဘဲ သည်းမခံငြင်းပယ်ခြင်းသာဖြစ်သည်။ ရိုဟင်ဂျာ တို့သည် တရားမဝင်ခိုးဝင်နေထိုင်သူအဖြစ် ဖန်တီးခံလိုက်ရခြင်း၊ စံနစ်တကျ ညှင်းပန်းနှိပ်စက်ခြင်း နှင့် မတရား ဖိနှိပ်ခြင်းတို့ကို စဉ်ဆက်မပြတ်ရင်ဆိုင်လာကြရာ၊ အဆိုးဝါးဆုံးလူမျိုးတုံး သတ်ဖြတ်မှုအထိဖြစ်ပါသည်။

နှိပ်စက်ညှင်းပန်းမှုများကြောင်း ရိုဟင်ဂျာတို့သည် ၁၉၄၂ ခုနှစ်မှစ၍ဘင်္ဂါလားဒေ့ရှ် နှင့် တခြားနိုင်ငံများသို့ ပြတ် တောင်း ပြတ်တောင်းထွက်ခွာလျက်ရှိပါသည်။ ၎င်းတို့သည် မြန်မာနိုင်ငံတွင် ဘေးဖယ်ခံရပြီး၊ စိတ်ဝေဒနာ ခံစားနေ သူများဖြစ်သည်။ အဆိုးဝါးဆုံး အခြေအနေ နှင့် ဘေးကင်း လုံခြုံမှုများမှ လွတ်မြောက်ရန် ရေလမ်းကြောင်းအတိုင်း သက်စွန့်ကြိုးပမ်း ထွက်ပြေးခဲ့ကြသည်။ မြောက်များစွာသော ရိုဟင်ဂျာ ဒုက္ခသည်များသည် ပင်လယ်ထဲမှာ သေကျေခဲ့ကြသည်။ သို့သော် နိုင်ငံတကာမှဝင်စွက်ဖက် တားဆီးခြင်းမရှိပေ။ ကမ္ဘာ့ ကုလသမဂ္ဂမှ ရိုဟင်ဂျာများသည် ကမ္ဘာပေါ်တွင် နှိပ်စက်ညှင်းပန်းမှုအခံရဆုံး သူများဖြစ်သည်ဟု ဖေါ်ပြခဲ့ပါသည်။

၂၀၁၇ ခုနှစ်တွင် သိန်းနှင့်ချီသော ရိုဟင်ဂျာများသည် မိသားစုများ အသတ်ခံရခြင်း၊ ရွာများမီးလောင်ကျွမ်းခံရခြင်း၊ အမျိုးသမီးများကို အုပ်စုဖွဲ့ မုဒိန်းကျင့်ခံရခြင်း နှင့် ကလေးသူငယ်များကို မီးလျှံထဲသို့ပစ်ချခြင်းကြောင့် အိမ်နီးချင်း ဘင်္ဂါလားဒေ့ရှ်ဘက်သို့ ထွက်ပြေး တိမ်းရှောင်ခဲ့ကြရသည်။ ယနေ့တွင် ဘင်္ဂါလားဒေ့ရှ်နိုင်ငံတွင် ရိုဟင်ဂျာ ဒုက္ခသည် ဦးရေ ၁.၁ သန်းကျော် ခိုလှုံနေကြပြီး၊ ကမ္ဘာ့အကြီးဆုံး ဒုက္ခသည်စခန်း အဖြစ် ကော့ဒ်ဘဇား ခရိုင်တွင် တည်ရှိသည်။

ရိုဟင်ဂျာတို့သည် သူတို့၏ မူလနေရပ်သို့ လုံခြုံစိတ်ချစွာ၊ ဂုဏ်သိက္ခာရှိရှိ နှင့် တရားမျှတမှုဖြင့် ပြန်နိုင်ရေးသည့် အဓိကဖြစ်သည်။ သို့သော် လူမျိုးတုန်းသတ်ဖြတ်မှု ဆက်လက် ဖြစ်ပွားလျက်ရှိသည့်နေရာဒေသတခုသို့ ပြန်နိုင်မည် မဟုတ်ပေ။ ပြစ်မှုကျူးလွန်ခံရသူများ အနေဖြင့် တရားမျှတမှု ရှိကြောင်း မြင်မိစေရန် နှင့် အကြမ်းဖက် သံသရာ ထပ်တလဲလဲ မဖြစ်ပွားစေရန် တာဝန်ခံမှုရှိရမည်။

စစ်မှန်ပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် ဖြေရှင်းချက်တရပ်အတွက် ရိုဟင်ဂျာပြဿနာ၏ ရင်းမြစ်ကို ထိရောက်စွာ ကိုင်တွယ်ရမည်။ မြန်မာအစိုးရ အနေဖြင့် ရိုဟင်ဂျာ ဟူသည့် လူမျိုးစု အမည်ဖြင့် ယင်းတို့၏ နိုင်ငံသား အခွင့်အရေး အပြည့်အဝ ပြန်လည်

---

၁ ၊ အဆုံးမဲ့ မင်းမဲ့စရိုက်အောက်မှ ရိုဟင်ဂျာ

တရားဝင် အသိအမှတ်ပြုရန် ကို မရှိမဖြစ်လိုအပ်ပါသည်။ ၎င်းတို့သည် အာရကန်တွင် တခြား နိုင်ငံသား တိုင်းရင်းသားများနှင့် တန်းတူ အခွင့်အရေးများ၊ ငြိမ်းချမ်းစွာ အတူ တကွ ယှဉ်တွဲနေထိုင်နိုင်ရန် လိုအပ်သည်။ထို့အပြင်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ရှိ တခြားလူမျိုးစုများနည်းတူ "စုပေါင်းအခွင့်အရေး" – Collective Rights - များရရှိ သင့်ပါသည်။

ဤစာအုပ်ငယ်သည် စာဖတ်သူများအား မြန်မာ အစိုးရ၊ ၎င်း၏စစ်တပ်နှင့် ပြည်တွင်းရှိ ကမကထပြုနေသော အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၏ လက်ထဲတွင် ရိုဟင်ဂျာလူမျိုးများခံစားနေရသည့် အဆိုးမဲ့ ဆင်းရဲဒုက္ခများ အကြောင်း သိစေရန် အကျဉ်း တင်ပြခြင်း ဖြစ်ပါသည်။



ရိုဟင်ဂျာများ လူမျိုးတုံးသတ်ဖြတ်မှု မှ လွတ်မြောက်နိုင်ရန် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ အတွင်း ထွက်ပြေးနေကြသည့်ပုံ

# အကျဉ်းချုပ်

ရိုဟင်ဂျာတို့သည် ဗမာ/မြန်မာနိုင်ငံ ၁ ၏ အာရကန်ပြည် (၁၉၇၄ ခုနှစ်တွင် စစ်တပ် မှ ရခိုင်ပြည်နယ်ဟု အမည် ပြောင်းခဲ့ခြင်းဖြစ်သည်။) တွင်နေထိုင်ကြပြီး ရှည်လျားသော သမိုင်း နောက်ခံရှိသူများ ဖြစ်ပါသည်။ ၎င်းတို့သည် ကမ္ဘာပေါ်တွင် ညှဉ်းပန်း နှိပ်စက်မှုများ အခံရဆုံး လူမျိုးတစ်မျိုး ဖြစ်သည်။ သမိုင်းကြောင်းအရ အာရကန်သည် ဟိန္ဒူ၊ ဗုဒ္ဓ ဘာသာဝင် နှင့် မူဆလင်တို့က လက်တွဲ အုပ်ချုပ်ခဲ့သည့် လွတ်လပ်သော နိုင်ငံ တစ်ခု ဖြစ်ပါသည်။ ၎င်းသည် ဗမာဘုရင် ဘိုးတော်ဘုရား၏ ကျူးကျော်သိမ်းပိုက်ခြင်း ခံရသည့် ၁၇၈၄ ခု အထိ ဗမာပြည်၏ အစိတ်အပိုင်း တစ်ခု မဟုတ်ခဲ့ပါ။ အာရကန်ပြည်သည် ယဉ်ကျေးမှု၊ ဘာသာရေး နှင့် နိုင်ငံရေး နယ်ပယ် များတွင် အိန္ဒိယတိုက်ငယ် အပြင် မူဆလင်တို့၏ ဘင်္ဂလားနယ်နှင့် သမိုင်းကြောင်း ဆိုင်ရာ နက်ရှိုင်းသည့် ဆက်နွယ်မှုရှိခဲ့သည်။"ရိုဟင်ဂျာတို့သည် ချန္ဒရာမင်းဆက်များလက်ထက်ရှေးဟောင်း အာရကန် ပြည်သူများ နှင့် မျိုးရိုးဗီဇဆိုင်ရာ ဆက်နွယ်မှု ရှိပြီး၊ လူမျိုးရေးနောက်ခံ အမျိုးမျိုးရှိသည့် လူမျိုးစုများကို အခြေခံ၍ လွန်ခဲ့သော ရာစုနှစ်များစွာ ကတည်းက အာရကန်တွင် ထွန်းကားလာခဲ့သည့် သီးခြားလူမျိုးစု တစ်ခုဖြစ်ပါသည်။"၂

မြန်မာနိုင်ငံတွင် ဦးနု၏ ပါလီမန် အစိုးရ (၁၉၄၈-၅၆ ၊ ၁၉၅၇-၅၈ ၊ ၁၉၆၀-၆၂) လက်ထက်တွင် ရိုဟင်ဂျာတို့ကို မြန်မာလူမျိုးစု တစ်ခုအဖြစ် အသိအမှတ်ပြုပြီး နိုင်ငံသား အခွင့်အရေးများကို အပြည့်အဝ ရရှိခဲ့ပါသည်။ သို့သော် ၁၉၆၂ ခုနှစ်မှ စ၍ စစ်တပ် အုပ်ချုပ်မှုအောက်တွင် ၎င်းတို့အား တရားမဝင် ခိုးဝင်နေထိုင်သူများအဖြစ် ဖန်တီးပြီး စီမံကိန်းကျကျ နှိပ်ကွပ်မှုများကို တောက်လျှောက် ပြုလုပ်လာခဲ့သည်။ ၎င်းတို့သည် မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးစုအဖြစ် အသိအမှတ်ပြုထားသောလူမျိုးစု(၁၃၅) မျိုးထဲတွင် ပါဝင်ခြင်းမပြုပေ။ ထို့နောက် စစ်အစိုးရသည် ၁၉၈၂ ခုနှစ်တွင် အိန္ဒိယနွယ်ဖွားများနှင့် မူဆလင်တို့ကို ဆန့်ကျင်သည့် လူမျိုးခွဲခြားရေးကို ထင်ဟပ်စေသော နိုင်ငံသားဥပဒေသစ်တစ်ရပ်ကို ပြဌာန်းခဲ့ပါသည်။

မြန်မာအာဏာပိုင်တို့၏ အကြီးအကျယ် နှိပ်စက်ညှဉ်းပန်းမှုများကြောင့် ရိုဟင်ဂျာတို့ အနေဖြင့် ဘင်္ဂလားဒေ့ရှ်နှင့် အခြားနိုင်ငံများသို့ အစုလိုက်အပြုံလိုက်ထွက်ပြေးတိမ်းရှောင်မှုများ အဆက်မပြတ် ရှိနေခဲ့သည်။ ရက်စက်ကြမ်းကြုတ်မှုဒဏ်ကို မခံမရပ် နိုင်သောကြောင့် ၂၀၁၇ ခုနှစ်တွင် ရာပေါင်းထောင်နှင့်ချီသော အပြစ်မဲ့ ရိုဟင်ဂျာ အမျိုးသား၊ အမျိုးသမီး နှင့် ကလေးသူငယ်များ ထွက်ပြေး တိမ်းရှောင် နေခဲ့သည့် ပုံရိပ်များကြောင့် ကမ္ဘာကြီးကို ထိတ်လန့် တုန်လှုပ်စေခဲ့သည်။ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ (HRC) ၏ အချက်အလက်များ ရှာဖွေရေးမစ်ရှင် (FFM) ၏ ၂၀၁၈ ခုနှစ် အစီရင်ခံစာ တွင် မြန်မာနိုင်ငံ အနေဖြင့် ရိုဟင်ဂျာတို့အပေါ် လူမျိုးတုံး

သတ်ဖြတ်မှု ကျူးလွန်ခဲ့ခြင်းအတွက် တာဝန်ရှိသည်ဟု ဖော်ပြခဲ့ပြီး ထိပ်တန်း ဗိုလ်ချုပ်ကြီး အချို့ကို တရားစွဲဆိုရန် တောင်းဆိုခဲ့ပါသည်။ ထို့အပြင် ဒေါ်အောင်ဆန်းစုကြည်နှင့် သူမ၏ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် အစိုးရသည် ရိုဟင်ဂျာတို့အပေါ် ရာဇဝတ်မှုများ ကျူးလွန်ခဲ့သည် ကို ဖုံးကွယ်ထားခြင်း နှင့် အကာအကွယ်ပေးရန် ပျက်ကွက်ခဲ့သည်ဟုလည်း ကောက်ချက်ချခဲ့သည်။၇

ဤစာတမ်းသည် ရိုဟင်ဂျာ ပြဿနာကိုသမိုင်းရှုထောင့်ကနေဖြေရှင်းနိုင်ရန် ရည်ရွယ်ပါသည်။ ရိုဟင်ဂျာ လူမျိုးတို့၏ နှစ်ရှည် လရှည် သောင်မတင် ရေမကျ ဖြစ်နေသော ပြဿနာရပ်အပေါ် အမြဲတမ်း ဖြေရှင်းချက် တစ်ရပ်ရရှိရန်၎င်းတို့၏ကိုယ်ပိုင်လက္ခဏာနှင့် နိုင်ငံသားဖြစ်မှု မည်မျှအရေးပါသည်ကို ဤစာတန်း၌ နှိုက်နှိုက်ချွတ်ချွတ်ဆွေးနွေးတင်ပြ ထားပါသည်။ ထို့အပြင် ဤစာတမ်း၌ ရိုဟင်ဂျာ ဒုက္ခသည်များ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မိမိတို့ နေရပ်ရင်းသို့ ဘေးကင်း လုံခြုံစွာနှင့် ဂုဏ်သိက္ခာရှိရှိ ပြန်နိုင်ရန် ယင်းတို့အပေါ်ကျူးလွန်ခဲ့မှုများအတွက် တာဝန်ခံမှု၊တရားမျှတမှုနှင့် နိုင်ငံသားအခွင့်အရေး အပြည့်အဝရရှိမှုတို့ကို အာမခံခြင်းသည်လည်း မရှိမဖြစ်လိုအပ်ကြောင်း မီးမောင်းထိုးတင်ပြထားသည်။ ဤစာတမ်းသည် လူမျိုးရေးနှင့် ဘာသာရေးအရ သီးခြားအုပ်စု တစ်ခု ဖြစ်သည်ကို အခြေခံ၍ ရိုဟင်ဂျာတို့အပေါ် ညှဉ်းပန်းနှိပ်စက်ခြင်းနှင့်ယင်းပြဿနာရပ်အတွက် ဖြေရှင်းချက် တစ်ရပ် ဆန်းစစ်တွေ့ရှိရန် အဓိက ရည်ရွယ်ပါသည်။သမိုင်းမှတ်တမ်းနှင့် အုပ်ချုပ်ရေးဆိုင်ရာမှတ်တမ်းများ ရှိသော်ငြားလည်း ရိုဟင်ဂျာတို့သည် နိုင်ငံတော် တည်ဆောက်ရေး လုပ်ငန်းစဉ် (Nation Building Process) မှ ဘက်ထုတ်ခံလိုက်ရသည့်အပြင် ၁၉၆၂ ခုနှစ်မှစ၍ မြန်မာနိုင်ငံ စစ်အုပ်ချုပ်မှုအောက်တွင် အမြစ်ဖြုတ် ချေမှုန်းခြင်းခံလိုက်ရပါသည်။ ဤ သုတေသနသည် ရိုဟင်ဂျာတို့နိုင်ငံမဲ့ဖြစ်ခြင်းနှင့် လူသားထု အပေါ် ကံဆိုးမိုးမှောင်ကျမှုတို့၏ နောက်ဆက်တွဲ အကျိုးဆက်များကြောင့် ဒေသအတွင်း/အပြင်မည်ကဲ့သို့ရှိသည်ကိုစူးစမ်းဖော်ပြထားပါသည်။

ဤသုတေသန၏ မူလ ရည်ရွယ်ချက်မှာ ရိုဟင်ဂျာလူမျိုးတို့အပေါ် မြန်မာအစိုးရ၏ အခန်းကဏ္ဍနှင့် ၎င်းတို့အပေါ် ရန်လိုသော သဘောထား၊ ထို့နောက် နိုင်ငံတကာ မှ ၎င်းတို့အား အကာအကွယ်ပေးရန် တောင်းဆိုလာသည့်အထိ မတရားသော အပြုအမူများကို ခွဲခြမ်းစိတ်ဖြာရန်ဖြစ်ပါသည်။

ဤစာတမ်းပြုစုမှု သဘာဝသည် လူတစ်ဦးချင်းစီနှင့် အစုအဖွဲ့တို့၏ "ဖြစ်ရပ်အမှန်များ (case study)"ကို ပြန်လည်ဖော်ဆောင်ခြင်း သို့မဟုတ် ရိုးရှင်းစွာလေ့လာခြင်းတို့ နှင့် ဆက်စပ်မှုရှိပါသည်။ ဖြစ်ရပ်မှန် လေ့လာမှုနည်းလမ်းတလျှောက် စာရေးသူအနေဖြင့် ရိုဟင်ဂျာ ပြဿနာနှင့်ပတ်သက်၍ သူ၏ဆယ်စုနှစ်များကြာ အတွေ့အကြုံများကို အခြေခံ၍ ဖော်ပြထားပါသည်။ ဤစာတမ်းကို ပြုစုရာတွင် စာရေးသူ အနေဖြင့် မိမိကိုယ်ပိုင်နှင့် အများဆိုင်ရာ လက်လှမ်းမီစာရွက်စာတမ်း အထောက်အထားများ၊ကုလသမဂ္ဂ

အရာရှိများနှင့် အေဂျင်စီများ၊ ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ အချက်အလက်များ ရှာဖွေရေး မစ်ရှင်အဖွဲ့၊ အစိုးရ မဟုတ်သော အဖွဲ့ အစည်းများ၊ သတင်းမီဒီယာများ စသည်တို့၏ အစီရင်ခံစာများ၊ ပညာရေးဆိုင်ရာ စာအုပ် စာပေများနှင့် ပညာရှင်များ ပြုစုထားသည့် စာအုပ်များနှင့် ဆောင်းပါးများ စသည် တို့ကိုလည်း အကဲဖြတ်၍ ဖော်ပြထားပါသည်။ စာရေးသူအနေဖြင့် ရိုဟင်ဂျာတို့ မြန်မာနိုင်ငံအတွင်း မည်ကဲ့သို့ ဖျက်ဆီး ခံနေရသည်ကို ဆန်းစစ်ထားပါသည်။ ထို့အပြင် ဤလူ့အဖြစ်ဆိုး အပေါ် အပြည်ပြည်ဆိုင်ရာ စိုးရိမ် ပူပန်မှုနှင့် ၎င်းတို့၏ တုံ့ပြန်မှုများ ကိုလည်း လေ့လာ ဖော်ပြထား ပါသည်။

# ရိုဟင်ဂျာ မည်သူနည်း

ရိုဟင်ဂျာတို့သည် များသောအားဖြင့် အစ္စလာမ်ဘာသာဝင်များ ဖြစ်ပါသည်။ ၎င်းတို့သည် မြန်မာနိုင်ငံ၏ အနောက်ဖက် နယ်စပ်၌ နေထိုင်သူများဖြစ်ပြီး အဓိက အားဖြင့် ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် နေထိုင်ကြပါသည်။ ၎င်းတို့သည် ထိုဒေသ၌ စစ်မှန်သော သမိုင်းကို နောက်ခံထားသည့် အမြစ်များ တွယ်ကပ်လျက် ရှိနေပါသည်။ ရိုဟင်ဂျာတို့သည် ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးပြီး ဥပဒေကို လေးစား လိုက်နာသူများ ဖြစ်ကြ သော်လည်း မြန်မာနိုင်ငံ၌ ၎င်းတို့အား လက်ခံနိုင်ခြင်း အလျဉ်းမရှိပေ။ လူမျိုးနှင့် ကိုးကွယ်သည့် ဘာသာ၊ ထို့အပြင် အရှေ့တောင် အာရှတိုက်သားတို့၏ ရုပ်ရည်နှင့် ပုံပန်းသဏ္ဍာန်အားဖြင့် ခြားနားမှုများရှိသောကြောင့် အထူးသဖြင့် ဗမာလူမျိုးများနှင့် မတူညီသောကြောင့် ယင်းတို့အပေါ် သည်းခံနိုင်စွမ်းကို ကျော်လွန်ပြီး ဖိနှိပ်ညှဉ်းပန်းမှုများ ပြုလုပ် ကြပါသည်။ ဤကဲ့သို့ လုပ်ခြင်းသည် ရခိုင်ပြည်နယ် ကို မူဆလင်ကင်းမဲ့ဖုံ ထူထောင်လိုသောကြောင့်ဖြစ်ပါသည်။ ကုလသမဂ္ဂမှ ၎င်းတို့အား "ကမ္ဘာပေါ်တွင် ညှဉ်းပန်း နှိပ်စက်မှု အခံရဆုံး လူနည်းစုအဖြစ် ဖော်ပြခဲ့ပါသည်။"၄ သူတို့၏ ဇစ်မြစ်၊ ယဉ်ကျေးမှုနှင့် လက်ရှိ ပထဝီအနေအထားအရ ရိုဟင်ဂျာတို့သည် ဗမာလူမျိုးထက်ပို၍ အိန္ဒိယလူမျိုးများ နှင့် ပေါင်းသင်း ဆက်ဆံမှုများ ပြုလုပ် ကြပါသည်။ ၎င်းတို့သည် ဒေသခံအင်ဒို-အာရီယန်၊ ဘင်္ဂါလီ၊ ပါရှန်း၊ မဂိုလ်၊ တူရကီ၊ ပါထန် စသည့် လူမျိုးစုများ ရောနှော နေသည့် သီးသန့်လူမျိုးစု တစ်ခုဖြစ်ရာ လွန်ခဲ့သည့် ရာစုနှစ်ပေါင်း မြောက်များစွာ ကပင် မတူကွဲပြားသော ယဉ်ကျေးမှု နှင့် ဘာသာစကား တို့ကို ထွန်းကားစေခဲ့ပါသည်။၅

# သမိုင်းရှုထောင့်မှ အာရကန်

အာရကန်ဒေသသည် တောင်အာရှ နှင့် အရှေ့တောင်အာရှ လမ်းဆုံ၌လည်းကောင်း၊ ဟိန္ဒူ - မူဆလင်တို့၏ အာရှ နှင့် ဗုဒ္ဓဘာသာတို့၏ အာရှ အကြားတွင်လည်းကောင်း၊ အင်ဒို-အာရီယန် နှင့် မွန်ဂိုလွိုက်အနွယ်များ ကြားတွင်လည်းကောင်း တည်ရှိ နေပါသည်။ ရိုဟင်ဂျာတို့၏အသွင်ပြင်သည် ဤပထဝီအနေထားမှန်ကို ထင်ဟပ်လျက်ရှိပါသည်။ အာရကန်သည် မြန်မာနိုင်ငံ၏ အနောက်မြောက်ဒေသ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အရှေ့တောင်ဘက် နယ်စပ်တွင် တည်ရှိပြီး၊ သမိုင်းကြောင်းအရ အနောက်ဖက် သို့မဟုတ် ဘင်္ဂလားနယ် နှင့် ပိုမိုထိတွေ့ ဆက်ဆံမှုများ ရှိခဲ့ပါသည်။ အာရကန်သည် ၁၇၈၄ အထိ လွတ်လပ်သော နိုင်ငံအဖြစ် တည်ရှိစဉ် ကာလအတွင်း စစ်တကောင်း ဒေသဟု လူသိများသော ယနေ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ တောင်ပိုင်းဒေသကိုပင် လွှမ်းမိုးခဲ့ပါသည်။ "နယ်မြေနှစ်ခုအကြား နိုင်ငံရေး၊ ယဉ်ကျေးမှုနှင့် ကူးသန်းရောင်းဝယ်ရေး ဆိုင်ရာ ဆက်နွယ်မှုများကြောင့် အာရကန်ဒေသကို တိုးချဲ့-စစ်တကောင်း(Extended Chittagong) ဟု ခေါ်ဝေါ်ခဲ့ပြီး"၆ မဟာအာရကန် (Greater Arakan) ဟု ခေါ်ဝေါ် လေ့ရှိ ပါသည်။



ဓါတ်ပုံ - ဇော်မျိုးထိုက် (တပ်ကြပ်ကြီး) မြန်မာလုံခြုံရေးတပ်ဖွဲ့ဝင်များက ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ ၅ ရက်နေ့က ရသေ့တောင်မြို့နယ်အပိုင်၊ ကိုးတန်ကောက် ကျေးရွာ၌ အပြစ်မဲ့ ရိုဟင်ဂျာ အရပ်သားများအား ဖမ်းဆီးပြီး လူမဆန်စွာ ညှဉ်းပန်း နှိပ်စက်နေပုံ။

# ၁၉၄၂ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု

ဒုတိယကမ္ဘာစစ်ကြီးကာလအတွင်း အာရကန်တွင်၎င်း၏အဓိကလူမျိုးစုနှစ်ခုဖြစ်သော ရိုဟင်ဂျာနှင့် ရခိုင်တို့အကြား ဆက်ဆံရေးမှာ သင့်မြတ်မှုမရှိခဲ့ပေ။ ဗြိတိသျှ တပ်ဖွဲ့များ အိန္ဒိယနိုင်ငံ၊ ဆင်းမလားသို့ ဆုတ်ခွာပြီးနောက် အာရကန်ဒေသတွင် အုပ်ချုပ်ရေး လစ်လပ်မှုတစ်ရပ် ဖြစ်လာခဲ့ရသည်။ ထိုအခြေအနေကို အခွင့်ကောင်းယူ၍ ၁၉၄၂ ခု၊ မတ်လတွင် ရခိုင်-လက်နက်ကိုင်ဂိုဏ်းများက မထင်မှတ်ဘဲ လက်နက်မဲ့ ရိုဟင်ဂျာ အရပ်သား/ သူများအား ရက်ရက်စက်စက် သတ်ဖြတ်မှုများ ပြုလုပ် လာခဲ့ကြသည်။ သို့ရာတွင် ယင်းကဲ့သို့ လုပ်ခြင်းသည် ကြိုတင် ကြံစည်မှု ဖြစ်ပြီး ဗမာ့ လွတ်လပ်ရေး တပ်မတော် (BIA)က ၎င်းတို့အား အားပေးကူညီခဲ့ပါသည်။ ၎င်းတို့သည်မြေပုံ၊မင်းပြား၊ မြို့ဟောင်း၊ ပေါက်တော၊ ပုဏ္ဏားကျွန်းနှင့် ရသေ့တောင်မြို့နယ်များအတွင်းနေ ရိုဟင် ဂျာ မူဆလင်များကို ရက်ရက်စက်စက် သုတ်သင် ရှင်းလင်းခဲ့ပါသည်။ ဤသတ်ဖြတ်ပွဲ၌ အသက်ရှင်ကျန်ရစ်သူ ရိုဟင်ဂျာများသည် တောတောင်အသီးသီးကို ဖြတ်ကျော်၍မုန်တိုင်းဒဏ်နှင့် အန္တရာယ်အသွယ်သွယ်ကိုဖြတ်သန်းကာ နယ်စပ်မြို့နယ်ဖြစ်သော မောင်တောအထိ ရှည်လျားသည့် ခရီးကြမ်းကို နင်ပြီး ထွက်ပြေးလွတ်မြောက်ခဲ့ကြသည်။ ဤသတ်ဖြတ်မှု၌ "မူဆလင်တို့နေထိုင်ခဲ့ ကြသည့် ကျေးရွာပေါင်း (၃၀၇)ခု၊ အာရကန်မြေပြင်ပေါ်မှ ကွယ်ပျောက်ခဲ့ရပြီး၊ ရိုဟင်ဂျာဦးရေ တသိန်းကျော် သတ်ဖြတ်ခံရကာ နောက်ထပ် ရိုဟင်ဂျာ ၈၀,၀၀၀ ခန့်သည်လည်း ဗြိတိသျှတို့ ထိန်းချုပ်ထားသည့် ဘင်္ဂလားနယ်မှ စစ်တကောင်းနှင့် ရောင်ပူ (Rangpur) ဒေသများအတွင်း ခိုလှုံခဲ့ကြသည်။ ဤဖြစ်ရပ်ကြောင့် ကုလားတန်မြစ်၏ အရှေ့ဘက်အခြမ်းသည် မူဆလင်လူနည်းစုဒေသအဖြစ်သို့ ပြောင်းလဲ သွားခဲ့ပါသည်။ သို့ရာတွင် ဤဆုံးရှုံးမှုများသည် လူ့ယဉ်ကျေးမှု နှင့် ကိုယ်ကျင့်တရား စံနှုန်းများအရ ပြန်လည် အစားထိုးမရသည့် အလွန်ကြီးမားသော ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပါသည်။"[၇] ၎င်းကို "၁၉၄၂ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု"သို့မဟုတ် "လူမျိုးတုံးသတ်ဖြတ်မှု"ဟူ၍လည်းလူသိများပါသည်။[၈]



၇ ၊ အဆုံးမဲ့ မင်းမဲ့စရိုက်အောက်မှ ရိုဟင်ဂျာ

# မြန်မာ့နယ်မြေတပ်ဖွဲ့ (BTF) ၏ ရက်စက်ယုတ်မာ မှုများ

မြန်မာနိုင်ငံသည် ဗြိတိသျှ လက်အောက် မှ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ တွင် လွတ်လပ်ရေးရရှိခဲ့ပြီး၊ ဦးနုသည် နိုင်ငံတော်၏ပထမဆုံးဝန်ကြီးချုပ်ဖြစ်လာခဲ့ပါသည်။ ၁၉၄၂ ခုနှစ် သတ်ဖြတ်မှု၏ ကြောက်လန့်မှု နှင့် နာကျင်မှုများ ရိုဟင်ဂျာ တို့၏ စိတ်ထဲတွင် လန်းလန်းဆန်းဆန်း စွဲတင် ကျန်ရစ်နေစဉ်မှာပင် အစိုးရသစ် အနေဖြင့် ရခိုင်လူငယ်များဖြင့် ဗမာ့နယ်မြေတပ်(Burma Territorial Force - BTF)ကိုဖွဲ့စည်းလိုက်သည်။ BTF နှင့် UMP (Union Military Police - ပြည်ထောင်စု စစ်ရဲသား) တို့သည် သောင်းကျန်းသူ ရှာဖွေရန်ဟူသည့် အကြောင်းပြချက်ဖြင့် အာရကန်မြောက်ပိုင်းတွင် တုန်လှုပ်ချောက်ချားဖွယ် ကောင်းသည့် မင်းမဲ့စရိုက်ကြီးကို ကျင့်သုံးခဲ့ပါသည်။ ၎င်းတို့သည် ရာနှင့်ချီသော ရိုဟင်ဂျာတို့အား ဖမ်းဆီးခြင်း နှင့် ညှင်းပန်း နှိပ်စက်ခြင်းများ ပြုလုပ်ခဲ့ကြသည်။ ထို့အပြင် ရိုဟင်ဂျာကျေးရွာ အတော်များများသည်လည်း မီးရှို့ဖျက်ဆီးခြင်း ခံခဲ့လိုက်ရသည်။ ယင်းကဲ့သို့ နှိပ်စက် ညှဉ်းပန်းမှုများကြောင့် "အရှေ့ပါကစ္စတန် သို့ ဒုက္ခသည်များ အဖြစ် မူဆလင် ၅၀,၀၀၀ ကျော် အစုလိုက်အပြုံလိုက် ထွက်ခွာသွားခဲ့လေသည်။"၉

ဝန်ကြီးချုပ် ဦးနုထံ ပေးပို့ခဲ့သော စာချွန်လွှာတစ်ခု၌ ရိုဟင်ဂျာလူမျိုး အကြီးအကဲ များက "ကျွန်ုပ်တို့၏နယ်မြေအား ၁၉၄၈ ခု၊ နိုဝင်ဘာ ၁၀ ရက်နေ့မှစ၍ အဖြစ် ဆိုးသည့် အနေအထားသို့ ပြောင်းလဲစေခဲ့သည်အတွက် ကျွန်ုပ်တို့ အလွန်ဝမ်းနည်း ကြေကွဲရပါသည်။ ကျေးရွာပေါင်းများစွာ မီးရှို့ခံခဲ့ရပြီး၊ သီးနှံများဖျက်ဆီးခံခဲ့ရသည်။ အချို့သော ကျေးရွာများတွင် အပြစ်မဲ့ အမျိုးသမီးများ ကို ကတုတ်ကျင်းထဲသို့ ဝင်ခိုင်းပြီး ၎င်းတို့ အပေါ် အော်တို လက်နက်များ ကို ပွင့်ပွင့်လင်းလင်း အသုံး ပြုခဲ့ပါ သည်။ ဤဒေသရှိ ရိုဟင်ဂျာတို့သည် ဘဝခံနိုင်ရည်မရှိဘဲ ဖြစ်နေရသည်။ ထောင်နှင့်ချီသောသူများသည် ၎င်းတို့၏ ဘိုးဘွားပိုင်အိုးအိမ်များမှ ထွက်ခွာခဲ့ရပါသည်။" ဟူ၍ ဖော်ပြခဲ့ပါသည်။၁၀



အဆုံးမဲ့ မင်းမဲ့စရိုက်အောက်မှ ရိုဟင်ဂျာ ၊

# မူဂျာဟစ် လှုပ်ရှားမှု ပေါ်ပေါက်လာခြင်း

ဗြိတိသျှ ကိုလိုနီခေတ် ကာလအတွင်း မြန်မာနိုင်ငံတွင် မူဆလင် ဆန့်ကျင်ရေး စိတ်ဓာတ်များ ပျံ့နှံ့ စေခဲ့လျက် ရှိပါသည်။ အာရကန်တွင်လည်း ၁၉၄၂ လူမျိုးတုံး သတ်ဖြတ်မှုကာလနှင့် ယင်းနောက်ပိုင်းတွင်ရိုဟင်ဂျာတို့အပေါ်ပြင်းထန်သည့် မုန်းတီးမှုနှင့် သံသယ ရှိကြောင်း တရားများကို လိုက်လံ ဟောပြောမှုများကြောင့် ရခိုင်ဗုဒ္ဓဘာသာဝင်များထံ ယင်းစိတ်ဓါတ်များ ကြီးထွားလာခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံ လွတ်လပ်ရေးရယူရန် နှစ်အနည်းငယ်အလိုတွင် ရခိုင် မြေအောက်လက်နက်ကိုင်အဖွဲ့များ ပေါ်ထွက်လာခဲ့သည်။ ၎င်းတို့သည် ရိုဟင်ဂျာတို့အပေါ် ရန်လိုသူများ ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ၁၉၄၈ ခုနှစ်လွတ်လပ်ရေးမတိုင်မီကာလ ရခိုင်နိုင်ငံရေးသမားများသည် ဗမာခေါင်းဆောင်များ နှင့် ပူးပေါင်း၍ ရိုဟင်ဂျာတို့အား နိုင်ငံရေးဖြစ်စဉ်များတွင် ပါဝင်ခွင့် မပြုရန် ကြံစည်ခဲ့ ပါသည်။ သို့ရာတွင် ဗြိတိသျှ ဝန်ကြီးချုပ် 'အက်တလီ' (Lord Atlee) ၏ ကြားဝင်စွက်ဖက်မှုကြောင့်သာ အခြေခံမဲပေးပိုင်ခွင့် အခွင့်အရေးနှင့် ၁၉၄၇ တိုင်းပြုပြည်ပြု လွှတ်တော်ရွေးကောက်ပွဲ (1947 Constituent Assembly Election) ၌ ဝင်ရောက် ယှဉ်ပြိုင်ခြင်းတို့ကို ခွင့်ပြုခဲ့ခြင်း ဖြစ်သည်။ ထို့အပြင် အာရကန် နယ်စပ် တလျှောက်တွင် နေထိုင်လျက်ရှိသော မူဆလင်တို့အား မြန်မာပြည် အလယ်ပိုင်းသို့ ရွှေ့ပြောင်းစေပြီး ၎င်းတို့အစား ဗုဒ္ဓဘာသာ ရခိုင်များအား နေရာချပေးမည်ဟု ကောလဟလသတင်းများ တောမီးကဲ့သို့ ပျံ့နှံ့လျက်ရှိခဲ့ပါသည်။ ယင်းကဲ့သို့ အပြုအမူများနှင့် လုပ်ရပ်များသည် ရိုဟင်ဂျာတို့၏စိတ်ထဲ၌ သံမှိုစွဲထားသည့်ပမာ နက်ရှိုင်းစွာ နေရာယူထားပြီဖြစ်ရာ စိုးရိမ်ကြောက်ရွံ့များ တိုးပွားလာပြီး များစွာသော ရိုဟင်ဂျာလူငယ်များသည် မိမိကိုယ်ကိုကာကွယ်ရန် လက်နက်များ စွဲကိုင်လာခဲ့ပါသည်။

၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက်၁၉၄၂ ခုအစုလိုက်အပြုံလိုက်သတ်ဖြတ်မှုကြောင့်ထွက်ပြေးခဲ့ကြသည့်ဘင်္ဂလားနယ်ရှိ ဒုက္ခသည်စခန်းများမှထောင်ပေါင်းများစွာသော ရိုဟင်ဂျာဒုက္ခသည်များကို နေရပ်ပြန်ခွင့်မပြုခဲ့ပါ။ နေရပ်ပြန်နိုင်ခဲ့သည့် ဒုက္ခသည်များကိုလည်း အာရကန်ပြည်အလယ်ပိုင်းနှင့် အနီးတစ်ဝိုက်ရှိ ၎င်းတို့၏ မူလနေရာများတွင် ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် တားမြစ်ထားခဲ့ပါသည်။ ၎င်းတို့အပိုင် မြေယာများကို ရခိုင်ရာဇဝတ် ဂိုဏ်းများက လုယက်ယူဆောင်သွားသဖြင့် သူတို့အား အာရကန်ပြည် မြောက်ပိုင်းသို့ တဖြည်းဖြည်း ရွှေ့ပြောင်းသွားစေရန် တွန်းအားပေးသကဲ့သို့ ဖြစ်လာခဲ့ပါသည်။ ထို့အပြင် ဗြိတိသျှအစိုးရလက်အောက် တာဝန်များ ထမ်းဆောင်ခဲ့ဘူးသည့် ရိုဟင်ဂျာဝန်ထမ်းများကို အလုပ်မှ ဖယ်ရှားပြီး ယင်းနေရာများကို ဗုဒ္ဓဘာသာဝင်များဖြင့် အစားထိုးခဲ့ပါသည်။ ဤကဲ့သို့ ခက်ခဲသောအနေအထားကြောင့် လွတ်လပ်ရေးရပြီး မကြာမီမှာပင် ယခင်သန္ဓေသား တည်လာခဲ့သည့် မူဂျာဟစ်လှုပ်ရှားမှုဟုခေါ်သော ရိုဟင်ဂျာတော်လှန်ရေးကို ပိုမို

အားပေးသကဲ့သို့ ဖြစ်လာခဲ့ပါသည်။

# စနစ်တကျ ညှဉ်းပန်းနှိပ်စက်ခြင်း

မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိပြီးကတည်းက ရိုဟင်ဂျာတို့သည် ခွဲခြားဆက်ဆံခြင်း နှင့် နိုင်ငံတော် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းစဉ်တို့မှ ဘက်ထုတ်ခြင်းတို့ကို ခံခဲ့ရပါသည်။ အထူးသဖြင့် ၁၉၆၂ ခုနှစ် စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်း၏ စစ်တပ် မှ အာဏာသိမ်းသည့် အချိန်မှစ၍ ရိုဟင်ဂျာတို့သည် တရားမဝင် ခိုးဝင်နေထိုင်သူ အဖြစ် ဖန်တီးခံလိုက်ရခြင်း၊ စနစ်တကျ ညှင်းပန်းနှိပ်စက်ခြင်းနှင့် မတရားဖိနှိပ် ခြင်းတို့ကို စဉ်ဆက်မပြတ်ရင်ဆိုင်လာကြရာ၊မျက်မှောက်ခေတ်တွင်အဆိုးရွားဆုံးလူမျိုးတုံးသတ်ဖြတ်မှုအထိ ဖြစ်ပါသည်။ ရိုဟင်ဂျာတို့အား ဆယ်စုနှစ်များ ခြောက် ခု နီးပါး ယင်းတို့၏ အခြေခံလူ့အခွင့်အရေးများ နှင့် လွတ်လပ်ခွင့်များကို စနစ်တကျ ဆုံးရှုံးစေခဲ့ပါသည်။

ဦးနေဝင်းသည် ရိုဟင်ဂျာတို့ အပေါ် အလွန်အမင်းပင် မုန်းတီး စိတ်ထားဖြင့် နှိပ်စက်ညှဉ်းပန်းခဲ့ပါသည်။ ယင်းကဲ့သို့ လုပ်ဆောင်ရာတွင် အစွန်းရောက် ရခိုင် နိုင်ငံရေးသမား များနှင့် ပညာရှင်များသည် အလွန်အမင်းပင် အခရာကျပါသည်။ ၁၉၇၄ ခုနှစ် တွင် ဦးနေဝင်း၏ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (Burma Socialist Programme Party - BSPP) အစိုးရ သည် အာရကန်အား "ရခိုင်ပြည်နယ်" (Rakhine State) ဟု အမည် ပြောင်းပြီး ပြည်နယ်အဆင့် တိုးမြှင့် သတ်မှတ်လိုက်သည်။ထိုသို့သတ်မှတ်ခြင်းသည် ရခိုင် ဗုဒ္ဓဘာသာဝင်များကိုသာ ရည်စူးခြင်းဖြစ်ပြီး ရိုဟင်ဂျာတို့အား လုံးဝချန်လှပ်စေခဲ့ပါသည်။ ၎င်းအပြင် ဘေးဖယ်ခံရခြင်း၊ အနိုင်ကျင့်ခံရခြင်း၊ မြေယာမဲ့သူများ တိုးပွားလာအောင် လုပ်ခြင်း၊ အလုပ်လက်မဲ့ဖြစ်စေခြင်း၊ စီးပွားရေးအရ ချို့တဲ့စေခြင်းနှင့် အားနည်းစေခြင်းတို့ကြောင့် ရိုဟင်ဂျာတို့သည် အာရကန်မှ ဘင်္ဂလားဒေ့ရှ် နှင့် အခြားနိုင်များသို့ တသုတ်ပြီးတသုတ်၊ အကြိမ်ကြိမ်အလီလီ ထွက်ပြေးခဲ့ ကြရပါသည်။



၂၀၁၂ ခုနှစ်၊ ဇွန်လတွင် လက်နက်ကိုင် ရခိုင်လူဆိုးများ ရိုဟင်ဂျာကျေးရွာ တစ်ခုကို မီးရှို့ပြီး ပြန်နေစဉ် ၎င်းတို့အား စောင့်ရှောက်ရန် လုံခြုံရေးတပ်သားတစ်ဦး စောင့်ဆိုင်းနေပုံ

# ၁၉၇၈ နှင့် ၁၉၉၀–၉၁ နှစ်များအတွင်းရိုဟင်ဂျာတို အား နှင်ထုတ်ခြင်း

၁၉၇၁ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်သည် လွတ်လပ်သော နိုင်ငံတစ်ခုအဖြစ် ပေါ်ထွန်းလာခဲ့သည်။ ထိုတိုင်းပြည်အသစ်သည် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ နှင့် ရှုန်းကန်နေရချိန်တွင် မြန်မာနိုင်ငံအနေဖြင့် ၁၉၇၈ ခုနှစ်တွင်"နဂါးမင်း" နှင့် ၁၉၉၁-၉၂ ခုနှစ်တွင် "ပြည်သာယာ" အမည်ရှိ စစ်ဆင်ရေးများပြုလုပ်ပြီး တစ်ကြိမ်လျှင် လူဦးရေ ၂၅၀,၀၀၀ မှ ၃၀၀,၀၀၀ အထိရှိသောရိုဟင်ဂျာတို့ကို ရခိုင်ပြည်နယ်မှ ဘင်္ဂလားဒေ့ရှ် နှင့် အခြားနိုင်ငံများသို့ အတင်းအဓမ္မ နှင်ထုတ်ခဲ့ပါသည်။ ထိုစစ်ဆင်ရေး နှစ်ခုသည် ကနဦးက ရိုဟင်ဂျာတို့အားဖျက်ဆီးရန် ပုံစံရေးဆွဲခြင်းဖြစ်ကြသော်လည်း နိုင်ငံတကာ ဖိအားပေးမှုများကြောင့် ၁၉၇၈ နှင့် ၁၉၉၁ နှစ်များတွင် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအစိုးရတို့အကြား ဆင်တူယိုးမှား သဘောတူစာချုပ်နှစ်ရပ် လက်မှတ်ရေးထိုးပြီး ၎င်းတို့အား နေရပ်ပြန်ပို့ခဲ့သော်လည်း ၎င်းတို့ ရင်ဆိုင်နေရသည့် ပြဿနာ၏ အဓိက အကြောင်းရင်းကို မဖြေရှင်းခဲ့ပေ။ ထို့အပြင် မြန်မာနိုင်ငံတွင် ယင်းတို့အပေါ် နှိပ်စက်ညှဉ်းပန်းမှုများ ဆက်လက်ကျန်ရှိနေသောကြောင့် ရိုဟင်ဂျာများ ဘင်္ဂလားဒေ့ရှ်နှင့် အခြားနိုင်ငံများသို့ ပြတ်တောင်းပြတ်တောင်း ထွက်ခွာမှုများ တောက်လျှောက် ရှိဆဲဖြစ်ပါသည်။ "၁၉၇၈ နှင့် ၁၉၉၁ ခုနှစ်၊ နှစ်ကြိမ်စလုံးတွင် မြန်မာနိုင်ငံအနေဖြင့် ရိုဟင်ဂျာတို့အား နိုင်ငံသားများအဖြစ် လက်ခံခြင်းမဟုတ်ဘဲ နိုင်ငံမဲ့ (Stateless) သူများအဖြစ်ဖြင့် လက်ခံခဲ့ခြင်းဖြစ်ပါသည်။ ထို့နောက် ၎င်းတို့ ရခိုင်ပြည်နယ်သို့ ပြန်လာသောအခါ အတင်းအဓမ္မ လုပ်အားပေးခိုင်းမှုများ၊လွတ်လပ်စွာ သွားလာလှုပ်ရှားခွင့်မပြုခြင်း၊ အခါအားလျော်စွာ အိုးအိမ်စွန့်ခွာ ထွက်ပြေးရမှုများ၊ စက်ဆုတ်ဘွယ် အဖမ်းအဆီးများ နှင့် သတ်ဖြတ်မှုများ၊ ထို့အပြင် ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် မုဒိမ်းမှုအပါအဝင် အခြား လူ့အခွင့်အရေး ချိုးဖောက်မှုမျိုးစုံကို ထပ်မံကြုံတွေ့ခဲ့ရပါသည်။ တနည်းပြောရလျှင် ယင်းလုပ်ရပ်သည် ရိုဟင်ဂျာတို့အဖို့ ဘဝနှင့် လူနေမှုအဆင့်အတန်း နိမ့်ကျသော အနေအထား ကို ပြန်လည်ရောက်ရှိအောင် အထောက်အကူ ဖြစ်စေခဲ့ခြင်းသာပါသည်။ ဆိုလိုသည်မှာ ရိုဟင်ဂျာတို့သည် မိမိနိုင်ငံအတွင်း နိုင်ငံမဲ့သူများဖြစ်ကြပြီး၊ မြန်မာနိုင်ငံ၏ နယ်စပ်အပြင်ဖက်တွင် ဒုက္ခသည်များသာလျှင် ဖြစ်ပါသည်။"၁၁

ဤနေရာတွင် မှတ်ချက်ပြုလိုသည်မှာ - ဒုက္ခသည်များ နေရပ်ပြန်ပို့ခြင်းနှင့် ပြည်လည်ထူထောင်ရေး လုပ်ငန်းစဉ်များတွင် ရိုဟင်ဂျာကိုယ်စားလှယ်တို့အား တိုင်ပင်ခြင်း၊ ပါဝင်ခွင့်ပြုခြင်း (သို့) ပတ်သက်ခွင့်ပင် မပြုသောကြောင့် မိမိဆန္ဒအလျောက် နေရပ်ပြန်ပို့ခြင်းဆိုသည့် သဘော သဘာဝအပေါ် အကြီးအကျယ် အငြင်းပွားစရာ ဖြစ်လာခဲ့ပါသည်။ ဒုက္ခသည် အများစုသည် ရခိုင်ပြည်နယ်သို့ ပြန်နှင်းခဲ့ ကြသော်လည်း

---

၁၁ ၊ အဆုံးမဲ့ မင်းမဲ့စရိုက်အောက်မှ ရိုဟင်ဂျာ

အတော်များများမှာမူ ယင်းကဲ့သို့ပြန်ပို့ခံရမည်ကို ရှောင်တိမ်းပြီး ဘင်္ဂလားဒေ့ရှ်တွင် ကျန်ရစ်ခဲ့ပါသည်။ ဘင်္ဂလားဒေ့ရှ်အနေဖြင့် ဒုက္ခသည်ဝန်ထုပ်ဝန်ပိုး ကို ဖြေလျှော့ရန်သာ သာမာန်သောကသာထားပြီး နိုင်ငံတကာအသိုင်းအဝိုင်းက ပြဿနာဖြေရှင်းခြင်းကို စိတ်မဝင်စားခဲ့ပေ။၁၂



၂၀၁၇ ခုနှစ်၊ စက်တင်ဘာ ၇ ရက်၊ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ မောင်တောမြို့နယ် တောင်ပိုင်း၊ ဂေါ်ဒူဆော်ရာကျေးရွာတွင်မီးလောင်ကျွမ်းနေသောအိမ်တစ်လုံး

# ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေ

ရိုဟင်ဂျာ အရေးနှင့်ပတ်သက်၍ အဓိက အရေးအကြီးဆုံး ပြဿနာတစ်ရပ်မှာ မြန်မာနိုင်ငံတွင် ၎င်းတို့၏ နိုင်ငံသား အဆင့်အတန်း (Legal status) ဖြစ်သည်။ ၎င်းကိစ္စသည် လက်တွေ့တွင် ဂယက် ရိုက်ခတ်မှု များစွာ ရှိပါသည်။ ၁၉၈၂ ခုနှစ်တွင် ဦးနေဝင်းသည် နိုင်ငံသား အဆင့်သုံးခု ရှိသော နိုင်ငံသားဖြစ်မှု ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းဥပဒေသည် အဖိနှိပ်ဆုံး ဥပဒေ တစ်ရပ်ဖြစ်ပြီး အဆင့်သုံးခုမှာ - နိုင်သား၊ ဧည့်နိုင်ငံသား နှင့် ပြုနိုင်ငံသား တို့ဖြစ်ပါသည်။ဤဥပဒေကို ပြဋ္ဌာန်းခဲ့သည်မှာ "၁၉၇၉ ခုနှစ် ရိုဟင်ဂျာ ဒုက္ခသည်များ နေရပ်ရင်းသို့ ပြန်ပို့ခဲ့ပြီး ရက် မကြာမီ ကာလအတွင်း ဖြစ်ပါသည်။ ထို့အတွက်ကြောင့် ဤဥပဒေ ပြဋ္ဌာန်းခြင်း နှင့် စပ်လျဉ်း၍ယခင်က မြန်မာနိုင်ငံအတွင်း နေထိုင်လျက် ရှိသော လူမျိုး တစ်ရပ်အဖြစ် အသိအမှတ် ပြုခံခဲ့ရသော ရိုဟင်ဂျာတို့အား ဖယ်ထုတ်ရန် အထူးစီမံပြုလုပ်ထားကြောင်း အခိုင်အမာယူဆနိုင်ပါသည်။"၁၃ ၁၉၈၂ ခုနှစ် ဥပဒေများက "ရိုဟင်ဂျာတို့အား မြန်မာ နိုင်ငံသားဖြစ်ခွင့်ကို အတိအလင်း ငြင်းပယ်ထားပါသည်။"၁၄ ယင်းဥပဒေသည် ရိုဟင်ဂျာတို့၏ လှုပ်ရှားမှုများကိုပစ်မှတ်ထားသည်။ သူတို့၏သွားလာနေထိုင်မှု၊အိမ်ထောင်ပြုခြင်း၊ ဘာသာရေးနှင့် ပညာရေးတို့ကို ကန့်သတ်ချုပ်ချယ်ထားပါသည်။ ၎င်းတို့၏ နေ့စဉ်ဘဝ၌ အရာရာတိုင်းသည် ခက်ခဲသောရုန်းကန်မှုတစ်ရပ် ဖြစ်ပါသည်။၎င်းတို့၏ အာရကန်တွင် သမိုင်းကြောင်းအရ ၈ ရာစု အစောပိုင်း၌ အခြေချနေထိုင်လာခဲ့လည်း ဤဥပဒေက ရိုဟင်ဂျာတို့၏ နိုင်ငံသားဖြစ်မှုကို ငြင်းဆန်ထားပြီး၊ နိုင်ငံအတွင်း လက်ခံထားသည့် "လူမျိုးစု ၁၃၅ မျိုး နှင့် ခွဲခြားထားပါသည်။"၁၅

စစ်တပ်က ဖန်တီးထားသည့် (သို့မဟုတ်) အသိအမှတ်ပြုထားသည့် မြန်မာတိုင်းရင်းသားလူမျိုးစု ၁၃၅ မျိုးဟူသည်စိတ်ပျက်စရာကောင်းပြီးအမှန်တရားနှင့်ကင်းဝေးလျက် ရှိပါသည်။ ၁၉၆၀ ပြည့်နှစ်တွင် ဦးနု၏ ပါလီမန်အစိုးရက "ခန့်မှန်းခြေအားဖြင့် တိုင်းရင်းသားလူမျိုး စုပေါင်း ၅၀ ခန့်"၁၆ ဟု ဖော်ပြခဲ့ပြီး ယင်းအထဲတွင် ရိုဟင်ဂျာတို့လည်း အပါအဝင် ဖြစ်ပါသည်။ ၎င်းတို့၏ ကိုယ်စားလှယ်များသည် အခြားတိုင်းရင်းသား လူမျိုးများ နှင့် အတူ ပြည်ထောင်စုနေ့ အခမ်းအနားများ ကျင်းပရာသို့ နှစ်စဉ် ဖိတ်ကြားခြင်းခံရပါသည်။ သို့ရာတွင် ဦးနေဝင်း၏ အစိုးရကမူ"တိုင်းပြည်အတွင်း လူမျိုးစု ၁၄၄ မျိုး"၁၇ ဟူ၍ စာရင်း ပြုစုခဲ့သည်။ ထို့နောက် ၁၉၉၀ ပြည့်နှစ် နောက်ပိုင်းတွင် နိုင်ငံတော် ငြိမ်းဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (နဝတ)က ၁၃၅ အုပ်စု သို့မဟုတ် တိုင်းရင်းသား လူမျိုးစုဟု စာရင်း အကျဉ်းချုပ် စာရင်း တင်သွင်းခဲ့ပြီး၊ မူဆလင် သုံးမျိုး ဖြစ်သော ရိုဟင်ဂျာ (အာရကန် မူဆလင်)၊ ပန်သေး (တရုတ် မူဆလင်)နှင့် ပရှူး (မလေး မူဆလင်) တို့သာမက အခြားသေးငယ်သည့် ဗမာမဟုတ်သော အုပ်စု ၆ ခုကိုလည်း

စာရင်းဖျက်သိမ်းလိုက်သည်။[၁၈] ၎င်းသည် မူဆလင်များ နှင့် ဗမာမဟုတ်သော အုပ်စုများအပေါ် ဘာသာရေးအရ မကြည်ဖြူခြင်း နှင့် လူမျိုးရေးအရ မလိုမုန်းထားမှု တို့ကို အကြောင်းခံ၍ မတရားမှုများကို ထင်ထင်ရှားရှား ကျူးလွန်ခဲ့ခြင်းဖြစ်ပါသည်။အမှန်မှာ ယင်းကဲ့သို့ မတရားမှုကျူးလွန်ရန် ရိုဟင်ဂျာတို့သည် လိုသလိုပြုနိုင်သည့် လူနည်းစု (Manageable minority) တမျိုးအဖြစ် မစဉ်းစားပေ။ ၁၃၅ မျိုးဟုခေါ်သည့် တိုင်းရင်းသား လူမျိုးစုများပင်လျှင် အလွန်ကွဲပြားမှုရှိပြီး၊ အချို့သောလူမျိုးစုများအတွင်း အုပ်စုခွဲများစွာ ကွဲပြားလျက်ရှိနေပါသည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံ၏ လူမျိုးစုများစာရင်းတွင် ချင်းလူမျိုးကိုအုပ်စုခွဲ ၅၃ခုဖြင့် စာရင်းပြုစုထားပါသည်။သို့သော်သန်းခေါင်စာရင်းဆိုင်ရာ ချင်းအမျိုးသား လှုပ်ရှားမှု ကော်မတီ (CNACC) ၏ ထုတ်ပြန်ချက် တစ်ရပ်တွင် သန်းခေါင်စာရင်း ကောက်ယူရာ၌ ချင်းအုပ်စုအောက် စာရင်း တင်သွင်းထားသူ အားလုံး ကို ချင်းလူမျိုးအဖြစ် မှတ်ယူရန် အစိုးရကို တောင်းဆိုခဲ့ပါသည်။[၁၉] မည်သို့ပင်ဆိုစေကာမူ ယခုကဲ့သို့ တိုင်းရင်းသား လူမျိုးစုများ ဖန်တီးထားမှုသည် တရားမျှတမှု မရှိတော့ပေ။ ဦးနေဝင်းက"လူမျိုးရေး အရ နိုင်ငံသားသွေး စစ်မှန်သူများကိုသာ တိုင်းရင်းသားဟု ခေါ်ထွင်ရမည်"[၂၀] ဟူ၍ ပြောကြားခဲ့သည်။ ရခိုင်ပညာရှင် ဒေါက်တာ အေးကျော်သည် ဤလူမျိုး ခွဲခြားဆက်ဆံသည့် ဥပဒေကို ပြုစုရာတွင် အဓိက ပါဝင်ခဲ့သူဖြစ်ပါသည်။ သူသည် ရိုဟင်ဂျာတို့ကို လူမျိုးစု စာရင်းမှ ပယ်ဖျက်ရန် ယန္တရားတစ်ခု ဖန်တီးနိုင်ခဲ့သည်ဟု ဂုဏ်ယူစွာ ကြွားဝါလေ့ရှိခဲ့ဘူးသူဖြစ်ပါသည်။[၂၁]




ရိုဟင်ဂျာတို့အား မဲပေးခွင့်မပြုရန် အစွန်းရောက်ဗုဒ္ဓဘာသာဘုန်းကြီးများ
၂၀၁၅ ရွေးကောက်ပွဲမတိုင်မီ ရန်ကုန်တွင် ဆန္ဒပြနေသည့်ပုံ

၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေသည် နိုင်ငံတကာ ဓလေ့ထုံးတမ်းပါ ဥပဒေရေးရာ စံချိန်စံညွှန်းများ၏ အခြေခံစည်းမျဉ်း အတော်များများကို ချိုးဖောက်လျက်ရှိသည်။ ၁၉၄၈ ခုနှစ် ကုလသမဂ္ဂ၏အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ကြေငြာစာတမ်းကြီးကိုလည်း ချိုးဖောက်သည့် အပြင် ရိုဟင်ဂျာ တို့ကို အခွင့်အရေးများ နှင့် ပတ်သက်၍ ဥပဒေကြောင်းအရ အကာအကွယ် မပေးခဲ့ပါ။ ဤဥပဒေသည် ရိုဟင်ဂျာတို့၏ နိုင်ငံသားဖြစ်မှု ပြဿနာကို ရာသက်ပန်တားမြစ်ခြင်း၊ ၎င်းတို့အပေါ် နှိပ်စက်ညှင်းပန်းရန်နှင့်ခွဲခြားဆက်ဆံရန် အကြောင်းရင်းခံများ ဖြစ်စေသည့် အပြင် မိမိတို့၏ ဇာတိမြေပေါ် တွင် နိုင်ငံမဲ့ စေခြင်းကိုပါ ဖြစ်ပေါ်စေလျက်ရှိပါသည်။ ထိုကဲ့သို့ နှိပ်စက်ညှင်းပန်းခြင်းနှင့် ခွဲခြား ဆက်ဆံခြင်းတို့သည် အခရာ အကျဆုံးသော လူသားချင်း စာနာမှုဆိုင်ရာအခြေခံမှုများကို လုံး၀ လျစ်လျူရှုခြင်းဖြစ်ပြီး ကုလသမဂ္ဂ၏ ရည်ရွယ်ချက် နှင့် ဆန့်ကျင်ပါသည်။ အထွေထွေညီလာခံ၏ ၄၈ ကြိမ်မြောက် မျက်နှာစုံညီ အစည်း အဝေးတွင် ထိုကဲ့သို့သော ဆုံးဖြတ်ချက်တစ်ခုကို တညီတညွတ်တည်း ချမှတ်ခဲ့ပြီ ဖြစ်ရာ အောက်ပါအတိုင်း ဖော်ပြထားသည် -

"အထွေထွေ ညီလာခံက လူသား မျိုးနွယ်တို့၏ မြင့်မားသော အကျိုးစီးပွားအတွက် ဘာသာရေးနှင့် လူမျိုးရေး ဖိနှိပ်မှု နှင့် ခွဲခြားဆက်ဆံမှုများကို ချက်ချင်းရပ်တန့်ရန် ကြေငြာပြီး အစိုးရနှင့် တာဝန်ရှိအာဏာပိုင်များအား ထိုပဋိညာဉ်စာချုပ်နှင့် အညီ တိကျမှန်ကန်စွာဖြင့် ယင်းကဲ့သို့ လုပ်ရပ်များ အဆုံးသတ်ရေးအတွက် အလျင်အမြန်နှင့် တက်ကြွသောခြေလှမ်းများဖြင့် ဆောင်ရွက်သွားရန် တောင်းဆိုလိုက်ပါသည်။"
(ကုလသမဂ္ဂ - ၁၉၄၆)[၂၂]



လဝကရုံးတွင် သိမ်းဆည်းထားသော ယာယီသက်သေခံလက်မှတ်များ

# ရိုဟင်ဂျာ နှင့် ယာယီသက်သေခံကတ်ပြား

၁၉၉၁ ခုနှစ်၊ဒုက္ခသည်များအား ပြန်လည်နေရာချထားပြီးသည် နှင့် စစ်အစိုးရက "သုံးခေါက်ချိုး"ဟု ခေါ်သည့် အမျိုးသား မှတ်ပုံတင်ကတ်များကို "ပန်းရောင်ကတ်ပြား" (Pink Card) ဟု လူသိများသည့် နိုင်ငံသား စီစစ်ရေးကတ်ပြားအသစ်ဖြင့် တစ်နိုင်ငံလုံးတွင် စတင် အစားထိုးလဲပေးခဲ့သည်။ သို့သော်ရိုဟင်ဂျာတို့အား၁၉၉၅ ခုနှစ်တွင် အဖြူရောင်ကတ်ပြား (White Card) ဟု ခေါ်ဆိုကြသည့် ယာယီမှတ်ပုံတင်ကတ်ပြား တစ်မျိုးကို အမေရိကန် ငွေကြေးထောက်ပံ့သည့် အစီအစဉ် နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင် ရာ မဟာမင်းကြီးရုံး (UNHCR) မှ၁၉၄၉ ခုနှစ် မြန်မာနိုင်ငံတွင်နေထိုင်သူများအားမှတ်ပုံတင်ခြင်း အက်ဥပဒေနှင့်အညီ စတင်ထုတ်ပေးခဲ့သည်။ပန်းရောင်ကတ်ပြား (Pink Card) များကိုမူ အခြားတိုင်းရင်းသားများအား အလျင်အမြန် ထုတ်ပေးခဲ့သော်လည်း ရိုဟင်ဂျာ တို့အား အဖြူရောင် ကတ်ပြားများကိုသာ ထုတ်ပေးခဲ့သည်။"[၂၃] ထိုကတ်ပြားပေါ်တွင်ကိုင်ဆောင်သူ၏ မွေးဖွားရာဇာတိကို ဖော်ပြထားခြင်းမရှိသဖြင့် နိုင်ငံသားဖြစ်ကြောင်း သက်သေခံရန် အလျဉ်း မဖြစ်နိုင်ပေ။ မြန်မာနိုင်ငံအတွင်း နေထိုင်ကြသည့် မိသားစုတိုင်းတွင်အိမ်ထောင်စု စာရင်းများ ရှိကြပြီး ၎င်းစာရင်းတွင်လည်း မွေးဖွားရာဇာတိကို ဖော်ပြ ထားခြင်းမရှိသဖြင့် နိုင်ငံအတွင်း မွေးဖွားခဲ့သည်ဟုပြောဆိုရန် တရားဝင် အထောက် အထား မဟုတ်ပေ။ ထို့ကြောင့် ဤအချက်များသည် နိုင်ငံမဲ့ခြင်းကို ဆက်လက်တည်တံ့စေသည်။



စစ်အစိုးရက "သုံးခေါက်ချိုး"ဟု ခေါ်သည့် အမျိုးသား မှတ်ပုံတင်ကတ်ပြားများ

ထို့နောက် အာဏာပိုင်များသည် ၂၀၁၅ ခု၊ မတ်လ ၃၁ ရက်နေ့တွင် မမျှော်လင့်ဘဲ ယာယီကတ်ပြားများ တရားမဝင်ကြောင်း ကျေညာခဲ့ပါသည်။ ရုတ်တရက် ယင်းကဲ့သို လုပ်ဆောင်ပြီး ၎င်းတို့၏ အခြေခံလူ့အခွင့်အရေး နှင့် လွတ်လပ်မှုများကို ပြင်းထန်စွာ ကန့်သတ် ချုပ်ချယ်သည့် အပြင် ၂၀၁၄ တွင် ကုလသမဂ္ဂ မှ ကမကထပြုပြီး သန်းခေါင်စာရင်း ကောက်ခံရာ၌ ၎င်းတို့အား ချန်လှပ်ခဲ့ခြင်း၊ ၂၀၁၅ ခုနှစ်တွင် ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲ၌ မဲပေးခွင့် နှင့် အရွေးခံပိုင်ခွင့်တို့ကိုရုတ်သိမ်းစေခြင်း တို့ကိုပြုလုပ်ခဲ့ပါသည်။ အမှန်မှာ "ရိုဟင်ဂျာတို့သည် ၁၉၃၆ ခုနှစ်မှ စ၍ ၂၀၁၀ အထိ မြန်မာနိုင်ငံတွင် စစ်တပ်အပါအဝင် တခြားအဖွဲ့ များမှ ဦးစီးကျင်းပခဲ့သမျှ ရွေးကောက်ပွဲတိုင်းတွင် ပြည်သူ့လွှတ်တော်နှင့် ပြည်နယ်အဆင့် မိမိတို့၏ ကိုယ်စားလှယ်များကို မဲပေး ရွေးချယ်ခဲ့ပါသည်။ ထိုမျှမက နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေကို အတည်ပြုရန် ၂၀၀၈ ခုနှစ်တွင် ကျင်းပခဲ့သည့် ဆန္ဒခံယူပွဲတွင်လည်း ပါဝင်ခဲ့ကြပါသည်။"၂၄

# မွေးစာရင်း မှတ်ပုံတင်ခြင်းအား ငြင်းဆန်ခြင်း

မြောက်များစွာသော ရိုဟင်ဂျာ ကလေးငယ်များ၏ မွေးစာရင်းများ ကိုပင် မှတ်ပုံတင်နိုင်ခြင်း မရှိခဲ့ပေ။ ထိုကဲ့သို့ မှတ်ပုံတင်မရှိလျှင် အခြခံမူလတန်းပညာ ကိုလည်း သင်ကြား ခွင့်မရနိုင်ပါ။ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် ပါမောက္ခ ယန်ဟီးလီး (Yanghee Lee) က"အိမ်ထောင်စုစာရင်းများ၌ ကလေးနှစ်ယောက် ထက်ပို၍ မှတ်ပုံတင်ခွင့်မရရှိနိုင်ပေ။ ထို့အပြင် ကလေးအရေအတွက် ၅၀၀၀ ကျော်ကို နာမည်ပျက်စာရင်းတင်သွင်းထားသည်"၂၅ ဟုပြောကြားခဲ့ပါသည်။ မြန်မာနိုင်ငံအနောက်ပိုင်းရှိ ရိုဟင်ဂျာကလေးသူငယ် ၄၀,၀၀၀ ကျော်သည် ခရီးသွားလာခြင်း၊ကျောင်းတက်ခြင်း၊ အိမ်ထောင်ပြုခြင်း စသည့် အခွင့်အရေးများကို ဆုံးရှုံး ခံနေကြရပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏မိဘများသည် တရားဝင် ခွင့်ပြုချက်မရှိဘဲ ထိမ်းမြားခဲ့သောကြောင့် သို့မဟုတ် မြန်မာအစိုးရမှ ရိုဟင်ဂျာတို့ အပေါ် ကန့်သတ်ထားသည့် ကလေး နှစ်ယောက်ထက် ပိုသောကြောင့် ဖြစ်ပါသည်။ ဤနာမည်ပျက်စာရင်း (Black Listed) တွင်တင်သွင်းထားသော ကလေးများအား မွေးစာရင်း တင်သွင်းရန် ငြင်းဆန်သောကြောင့် ၎င်းတို့သည် အိမ်ထောင်စု စာရင်းများတွင် ပါဝင်နိုင်ခြင်း မရှိခဲ့ပါ။ ထို့ကြောင့် အာဏာပိုင်များ လူဦးရေစစ်ဆေးပါက ထိုကလေးများကို ပုန်းကွယ်ထားရပါသည်။၂၆ ဤအချက်သည် ၁၉၈၉ ခု ကုလသမဂ္ဂ ကလေးသူငယ်များ၏ အခွင့်အရေးဆိုင်ရာ သဘောတူညီချက် (UN Convention on the Rights of Child) ပါ စည်းကမ်းချက်များကို ချိုးဖောက်ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ထိုသဘောတူညီချက်ကို ၁၉၉၁ ခုနှစ်က အတည်ပြု လက်မှတ်ရေးထိုးခဲ့ပါသည်။

# ရိုဟင်ဂျာတို့၏ဖြစ်တည်မှုကို ငြင်းဆန်ခြင်း

မြန်မာနိုင်ငံတွင် ရိုဟင်ဂျာတို့အား ဘင်္ဂလားဒေ့ရှ်မှ တရားမဝင် ဝင်ရောက်နေထိုင်သူများအဖြစ် ရှုမြင်ကြပြီး ယင်းတို့၏ ကိုယ်ပိုင်မွေးရပ်မြေပေါ်တွင် အခွင့်အရေးများနှင့် ရပိုင်ခွင့်များကို ငြင်းဆန်ကြပါသည်။ ၎င်းတို့သည် မတူကွဲပြားမှုကို အခြေခံ၍ အစော်ကားခံရမှုများကို အဖက်ဖက်မှအစဉ်တစိုက် ရင်ဆိုင်နေကြရ၊ယုတ်စွအဆုံး မိမိကိုယ်ကို ရိုဟင်ဂျာဟူ၍ပင် ထုတ်ဖော် ပြောဆိုခွင့် မရှိတော့ပေ။ ၎င်းတို့အား လူမျိုးခြားကို မနှစ်သက်သော ရခိုင်ပညာရှင်များ (Xenophobic Rakhine Acadamics) နှင့် အစွန်းရောက် ဗုဒ္ဓဘာသာဝင်တို့က ရန်လိုမုန်းတီးခြင်း၊လူ့ဂုဏ်သိက္ခာကင်းမဲ့စေခြင်း၊အထွေ့အငေါ့ဖြင့် စုပြုံ ဝင်ရောက်လာသည့် ပိုင်းရပ်စ်ရောဂါပိုး၊ ရပ်ဆိုးဘီးလူး၊ခွေးစသည်ဖြင့် သုံးနှုန်း ခေါ်ဆိုကြသည့်အပြင် မြန်မာ သံခင်းတမန် ဆက်ဆံရေးမှာပင် ယင်းအသုံးအနှုန်းများအတိုင်း ကိုးကားဖော်ပြကြပါသည်။ သမ္မတဟောင်းဦးသိန်းစိန်ကိုယ်တိုင်က ဗုဒ္ဓဘာသာအစွန်းရောက်ဘုန်းကြီး ဦးဝီရသူအား"ဘုရားသားတော်"ဟုချီးကျူးဂုဏ်ပြုခြင်းသည် အံ့သြစရာပင်ဖြစ်ပါသည်။ ထိုအချက်ကို ကြည့်ခြင်းအားဖြင့် ထိုဘုန်းကြီး၏စနစ်တကျ လူမျိုးရေးခွဲခြားရေးနှင့် အစ္စလာမ်မုန်းတီးရေးကို အာဏာပိုင်များက ကျောထောက် နောက်ခံပြုကြောင်း သိသာ လောက်ပါသည်။ စစ်တပ်၏ ပံ့ပိုးမှုဖြင့် ရိုဟင်ဂျာနှင့် အခြားမူဆလင်တို့အပေါ် မလိုမုန်းထား စကားအမှားအယွင်းများ၊ စော်ကားရေးသားချက်များနှင့်အမုန်းစကားများသည်မြန်မာနိုင်ငံအနှံ့ရှိပြည်သူလူထုအသိုင်းအဝိုင်းများအကြား အတော်ပင် နေရာယူထားပြီ ဖြစ်ပါသည်။ "မူဆလင်တွေ တစ်ယောက်မကျန် သတ်ပစ်မယ်၊ မြန်မာနိုင်ငံမှာ မူဆလင် မရှိစေရ၊ ဘာဖြစ်လို့ ဒီခွေးမူဆလင်တွေကို မနှင်ထုတ်နိုင်ရတာလဲ"၂၇ အစရှိသည့် အရေးအသားများ အင်တာနက်မှတဆင့် ပျံ့နှံ့လျက်ရှိပြီး၊ အန္တရာယ်များ ပို၍ပို၍ ကြီးထွားလျက်ရှိသည်။

မြန်မာနိုင်ငံတွင် ရိုဟင်ဂျာတို့၏ တိုင်းရင်းသား/နိုင်ငံသားဖြစ်မှုကို ဦးဆုံးငြင်းပယ်ခဲ့သူမှာ စစ်အာဏာရှင်ဆိုး ဗိုလ်ချုပ်ကြီးနေဝင်း နှင့် သူ၏ခရိုနီများဖြစ်ပါသည်။ ဤအမြင်ဆိုးသည် ပြည်သူလူထု၏အမြင်၊ မြန်မာ့ဒီမိုကရေစီအရေး လှုပ်ရှားသူများ၏အမြင်နှင့် အခြားသော တိုင်းရင်းသား အုပ်စုများအပေါ် အလွန်သြဇာ သက်ရောက်မှုရှိပါသည်။ ဖော်ပြပါအဖွဲ့အစည်းများ၏ အဖွဲ့ဝင်အားလုံးနီးပါးသည် ရိုဟင်ဂျာတို့အား မဟာမိတ်များ အတွင်း ပါဝင် ခွင့်ပြုရန် တွန့်ဆုတ်နေခြင်း သို့မဟုတ် စိတ်ဝင်စားမှုမရှိ ခြင်းတို့ကြောင့် တိုင်းပြည်၏ဒီမိုကရေစီနှင့် နိုင်ငံရေးလုပ်ငန်းစဉ်တို့မှ ဖယ်ရှားခံရပါသည်။ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ဟောင်း ဒီရဲက်မီရှဲလ် (Derek Mitchell) က " ရိုဟင်ဂျာတွေကို လူတိုင်း ဖိနှိပ်ချုပ်ချယ်ကြတယ်။ ဒီလူတွေဟာ နိုင်ငံမဲ့တွေဖြစ်တယ်။ သူတို့မှာ လှည့်လည်သွားလာစရာ နေရာမရှိဘူး။ သို့သော် နိုင်ငံတကာ အသိုင်းအဝိုင်းက သူတို့ကို မေ့ပျောက်မှာ မဟုတ်ပါဘူး။"၂၈ ဟု ပြော ကြားခဲ့ဘူးပါသည်။

# လွတ်လပ်စွာ သွားလာခွင့်အပေါ် ကန့် သတ်ချက်များ

မြန်မာနိုင်ငံတွင်ရိုဟင်ဂျာတို့၏သွားလာလှုပ်ရှားမှုများအပေါ် ကန့်သတ်ချုပ်ချယ်မှုများနှင့်ရင်ဆိုင်နေရသည်။"သူတို့အနေဖြင့်အသုဘအခမ်းအနားများသို့မဟုတ်အိမ်နီးချင်း များနှင့် အခြားကျေးရွာရှိဆွေမျိုး၊ မိတ်ဆွေအသိုင်းအဝိုင်းများဆီ အလည်အပတ်သွားရန် ခွင့်ပြုချက် လိုအပ်သည်။ အလားတူ ၄င်းတို့၏ နေအိမ်သို့ ရောက်ရှိလာကြသည့် အခြားကျေးရွာများမှ ဆွေမျိုးများကို ဧည့်ဝတ် ကျေရန်လည်း တားမြစ် ထားပါသည်။ ကိုယ်ဝန်ဆောင် အမျိုးသမီးများနှင့် ဆေးဝါး ကုသခံယူရန် လိုအပ်သူများဆေးရုံများသို့ သွားရန် သို့မဟုတ် သူတို့၏ကျေးရွာ ပြင်ပသို့သွားရန် ခွင့်ပြုချက် လိုအပ်ပါသည်။"၂၉ ယုတ်စွအဆုံး တစ်မိုင်ခန့်သာရှိသည့် အကွာအဝေးသို့ သို့မဟုတ်ရွာအပြင်ဖက်သို့ ရက်အနည်း ခရီးသွားလိုလျှင် ခွင့်ပြုမိန့်အတွက် ငွေကြေးပေးရသည်။

ရိုဟင်ဂျာတို့ ရွေ့လျားနိုင်မှု မရှိခြင်းသည် အလွန်ကြီးမားသည့် ဆိုးကျိုးများ ဖြစ်ပေါ်စေခဲ့ပြီး၊ ဈေးဆိုင်များ၊ အရောင်းအဝယ်ဖောက်ကားခြင်း၊အလုပ်အကိုင်ရရှိရေး အခွင့်အလမ်းများ၊ ကျန်းမာရေး အစောင့်အရှောက်ခံယူမှု နှင့် အဆင့်မြင့်ပညာများသင်ကြားခွင့် တို့ကို ကန့်သတ်ထားပါသည်။ ခရီးသွားပါမစ်များ၌ ခွင့်ပြုထားသည့်အချိန် ထက် ကျော်လွန်သူများ အား ၎င်းတို့၏ ကျေးရွာသို့ ပြန်လာသည်ကို တားမြစ်ထားခံခဲ့ပြီး၊ အမည်များကိုလည်း အိမ်ထောင်စုစာရင်းမှ ပယ်ဖျက်လိုက်ပါသည်။ ဤနည်းအတိုင်း ၎င်းတို့အား နိုင်ငံမှထွက်ပြေးရန် အခြေအနေဖန်တီးခဲ့ပါသည်။ အချို့သော ရိုဟင်ဂျာတို့သည် ခွင့်ပြုချက်မရှိဘဲ ခရီးသွားခဲ့ခြင်းအတွက် အမျိုးသားလုံခြုံရေးဥပဒေအရ တရားစွဲဆိုခံခဲ့ရပါသည်။၃၀



၂၀၁၉၊ စက်တင်ဘာ ၂၆ ရက်နေ့က ဧရာဝတီတိုင်း၊ ငပုတောမြို့နယ်တွင် ဖမ်းဆီးခဲ့သည့် ပြည်တွင်းခရီးသွား ရိုဟင်ဂျာ(၃၀) ဦးအား မြင်တွေ့ရပုံ

နယ်ခြားစောင့် ရဲတပ်ဖွဲ့ (Border Guard Police - BGP) သည် အာရကန်ပြည်နယ် မြောက်ပိုင်းရှိ နေရာ အတော် များများ နှင့် ရိုဟင်ဂျာ ကျေးရွာများ ပတ်ပတ်လည်တွင် စစ်ဆေးရေးဂိတ်များ မြောက်များစွာ တည်ဆောက်ထားပါသည်။ သတင်းများ၏ အဆို အရ လှပသော မိန်းခလေးတစ်ယောက်အဖို့ - စစ်တပ်နှင့်လုံခြုံရေးတပ်သားများ ကင်း လှည့်နေစဉ် အတွင်း ရေချိုးခန်း၌ ရှိနေခြင်းသည်လည်းကောင်း၊ အချို့သောစစ်တပ် ယူနစ် သို့မဟုတ် တပ်မှူးအတွက် အခမဲ့ လုပ်အားပေးရန် ချိန်းဆိုထားသည့် နေ့ရက် တွင် လည်းကောင်း၊ အချို့အချိန်တွင် စစ်ဆေးရေးဂိတ်များ၌ စစ်ဆေးမှုခံယူရန် ရပ် တန့်စေခြင်းလည်းကောင်း -လွယ်လင့်တကူသားကောင်ဘဝသို့ ရောက်ခဲ့ရပါသည်။၃၁



ဖမ်းဆီးခံရသောရိုဟင်ဂျာအမျိုးသမီးများသည် ၂၀၂၀ ခုနှစ်၊ဖေဖော်ဝါရီလ ၂၁ ရက်နေ့မှာ လှည်ကူးတရားရုံးတွင် အမှုရင်ဆိုင်နေပုံ

# ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ အခွင့်အရေးများ ဆုံးရှုံးမှု

၁၉၈၂ ခု မြန်မာနိုင်ငံသားဥပဒေကို ပြဋ္ဌာန်းခဲ့သည့်အချိန်မှစ၍ ရိုဟင်ဂျာကျောင်းသား အနည်းငယ် သာလျှင် အဆင့်မြင့်ပညာကို ဆက်လက် ဆည်းပူး နိုင်ကြသည်။ ရခိုင် ပြည်နယ်မြောက်ပိုင်းတွင် အလယ်တန်းကျောင်းအရေအတွက်အလွန်နည်းပါးသည်။ မူလတန်းကျောင်းမှာလည်း အချို့သောကျေးရွာများ၌သာရှိပြီး မပြောပြလောက်သည့် ရခိုင် သို့မဟုတ် အခြား ရိုဟင်ဂျာမဟုတ်သောဆရာများကရိုဟင်ဂျာကျောင်းသားများ ကို ပညာသင်ပေးရန် စိတ်ဝင်စားခြင်းမရှိပေ။ ထို့ကြောင့် အချို့သောကျေးရွာသားများ သည် ကိုယ်ပိုင် ရိုဟင်ဂျာဆရာများ ငှားရမ်းကြပါသည်။

၎င်းဆရာများ ကို စပါးပေး ငှားရမ်းရသဖြင့် "စပါးဆရာ" များဟူ၍ လူသိများပါသည်။ ၂၀၁၁ခုနှစ်မှစ၍ရိုဟင်ဂျာကျောင်းသားများကိုစစ်တွေရှိရခိုင်ပြည်နယ်၏တစ်ခုတည်း သောတက္ကသိုလ်သို့ရှားရှားပါးပါးနှင့်ခက်ခက်ခဲခဲဖြင့်ဝင်ခွင့်ရရှိပြီး၊ အများစုမှာမူ အဝေး သင် ပညာရေးအစီအစဉ်များဖြင့်သာကျောင်းအပ်နှံကြရပါသည်။"၂၀၁၂ ခုနှစ်မတိုင် မီကတည်းက ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာတို့ ပညာသင်ကြားရေးအပေါ် ကန့်သတ်မှု များရှိခဲ့သောကြောင့် စာမတတ်သူနှုန်း အလွန်မြင့်မားကာ (၈၀) ရာခိုင်နှုန်း အထိ ရှိ လာသည်။"[၃၂] ထိုအရေအတွက်သည် ၂၀၁၂ ခု၊ ၎င်းတို့ အပေါ် လူမျိုးတုံး သတ်ဖြတ်မှု ကျူးလွန်ခဲ့သည့်နောက်ပိုင်း ပို၍ဆိုးရွားလာခဲ့ပါသည်။

ရိုဟင်ဂျာတို့သည်ဆေးရုံများသို့မဟုတ်ဆေးခန်းများသို့သွားရောက်ဆေးဝါးကုသခြင်း အခွင့်အလမ်း မရှိသလောက်ပင် ဖြစ်ပါသည်။ ရခိုင်နှင့် မြန်မာဆေးဘက် ဆိုင်ရာဝန် ထမ်းများက ရိုဟင်ဂျာလူနာများကို တန်ဖိုးကင်းမဲ့သူ သို့မဟုတ် အောက်တန်းကျသူ များအဖြစ် မထီမဲ့မြင်စွာဖြင့် ဆက်ဆံကြသည်။ စစ်တွေဆေးရုံကြီးကဲ့သို့ အဆင့်မြင့် ကုတင် နှင့် ကိရိယာတန်ဆာပလာများ တပ်ဆင်ထားသည့် ဆေးရုံများ၌တက်ရောက် ဆေးဝါး ကုသခွင့်ရသူများ အလွန် ရှားပါးသည်။ ပြင်းထန်သော သို့မဟုတ် အသက် အန္တရာယ် ဖြစ်စေသော အခြေအနေများတွင် ဆေးဝါးကုသရန် ငွေကြေးတတ်နိုင်သူ အချို့သည် နယ်စပ် အာဏာပိုင်များအား လာဘ်ပေးလာဘ်ယူလုပ်ပြီး နယ်စပ် ဖြတ် ကျော်ကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆေးကုသမှု ခံယူရန် သွားလာကြသော်လည်း၊ "၎င်း တို့သည် တစ်ခါတစ်လေ မိမိတို့ရပ်ရွာများ ပြန်နိုင်ခြင်းမရှိတော့ပေ။"[၃၃]

# ထိမ်းမြားခြင်းကို ကန့်သတ် ရှုတ်ချယ်ခြင်း

၁၉၉၂ ခုနှစ်တွင် နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေး ကွပ်ကဲမှုဌာန-နစက ကို စတင် ဖွဲ့စည်းခဲ့သည့် အချိန်မှစ၍ အာရကန်မြောက်ပိုင်းတွင် ရိုဟင်ဂျာတို့အပေါ် လက်ထပ် ထိမ်းမြားမှုဆိုင်ရာ ကန့်သတ်မှုများ ချမှတ်ခဲ့ပါသည်။ ၎င်းချုပ်ချယ်မှုများသည် ဒေသ အတွင်းရှိ မူဆလင် လူဦးရေ အပေါ်၌သာ သက်ရောက်စေခဲ့သည်။ ထိမ်းမြားခြင်း ကို မြန်မာအာဏာပိုင်များ၏ ခွင့်ပြုချက်ဖြင့် ပြုလုပ်ရန် လိုအပ်ပြီး တစ်ခါတစ်ရံ နယ်စပ်လုံ ခြုံရေး သို့မဟုတ် စစ်တပ်အရာရှိများ၏ ရှေ့မှောက်တွင် ပြုလုပ်ရပါသည်။ အချို့သော လက်ထပ်ရန် ရည်ရွယ်ထားသည့် စုံတွဲများနှင့် ယင်းတို့၏ အုပ်ထိန်းသူများ အနေဖြင့် ကျန်းမာရေး စစ်ဆေးမှုများ၊ ရဲ၊ နယ်စပ်လုံခြုံရေးတပ်ဖွဲ့၊ နယ်မြေခံ စစ်တပ်အရာရှိ များ နှင့် အခြား ဥပဒေ စိုးမိုးရေး အဖွဲ့အစည်းများအပြင် ဌာနပေါင်းစုံမှ ထောက်ခံစာ များ အပါအဝင် လိုအပ်ချက် အရပ်ရပ်ကို ပြီးပြည့်စုံစွာတင်ပြရန် စွမ်းဆောင်နိုင်ခြင်း မ တတ် နိုင်တော့ကြပေ။

အစိုးရ၏ တရားဝင်အမိန့်တွင် လက်ထပ်ခွင့် လျှောက်လွှာနှင့်တွဲ၍ ယောကျာ်းများ က

သပ်ရပ်စွာ မှတ်ဆိတ်မွေးရိတ်ထားသည့် စုံတွဲဓါတ်ပုံ တစ်ပုံတင်ပြရန်လိုအပ်ကြောင်း ပါရှိသည်။ ယင်းလိုအပ်ချက်သည် အမျိုးသားအများစုအတွက် ဘာသာရေး ဓလေ့ထုံးတမ်းများ နှင့် ဆန့်ကျင်ပါသည်။ လက်တွေ့တွင် ဓါတ်ပုံထဲ၌ အမျိုးသမီးများကလည်း ဟီဂျပ်(သို့) ခေါင်းစည်းပုဝါ မဝတ်ရပေ။ ထိုအချက်သည်လည်း ဘာသာရေး ဓလေ့ထုံးစံများနှင့် ကွဲလွဲလျက်ရှိနေပါသည်။၃၄ ဤလိုအပ်ချက်များသည် ငွေကြေးအမြောက်အများပေးပါက တစ်ခါတစ်ရံ လွယ်ကူသွားပါသည်။

ယေဘုယျအားဖြင့် လက်ထပ်လိုသူများသည် လာဘ်မပေးဘဲ မည်သည့်နည်း နှင့် မျှ လက်ထပ်ခွင့်ကိုမရနိုင်ပေ။ထို့အပြင်ထိုလက်ထပ်ခွင့်ကိုရယူရန်နှစ်ပေါင်းများစွာစောင့်ဆိုင်းရပေသည်။၂၀၀၅ ခုနှစ်မှစ၍ စုံတွဲများသည်ကလေးနှစ်ယောက်ထက် ပိုမယူရန် ခံဝန်ချုပ် တစ်ရပ်ကို လက်မှတ် ရေးထိုးရပါသည်။အကယ်၍ ခွင့်ပြုချက်မရဘဲ လက်ထပ်ပြီးနောက် ကိုယ်ဝန်ရှိလာကြသော ရိုဟင်ဂျာအမျိုးသမီးအတော်များများသည် အကြပ်အတည်းမျိုးစုံ နှင့် အတိ ဒုက္ခပေါင်းစုံကို ကြုံတွေ့ခဲ့ရပါသည်။သူတို့သည်အဖမ်းအဆီးခံရမည်ကို ကြောက်ရွံ့သဖြင့် အသက်အန္တရာယ်ရင်ဆိုင်ပြီး တရားမဝင် ကိုယ်ဝန်ဖျက်ချခြင်းကို မကြာခဏအားကိုးအားထားပြုရပါသည် သို့မဟုတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင် ရပါသည်။ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူး ကိုယ်စားလှယ်ဟောင်း သောမတ်စ် အိုဂျေ ကွင်တားနား (Tomas Ojea Quintana)သည် အာရကန် မြောက်ပိုင်းဒေသရှိ ရိုဟင်ဂျာတို့၏နယ်မြေသို့ သွားရောက်လည်ပတ်ပြီးနောက် အလွန်စိုးရိမ်ကြောင့်ကြကြောင်း ပြောကြားခဲ့ပါသည်။



ဘူးသီးတောင် အကျဉ်းထောင်သည် ရိုဟင်ဂျာ အမျိုးသမီးများ နှင့် ပြည့်နှက်နေပြီး အချို့မှာ ယခုအချိန်အထိ မိမိတို့၏ ရင်သွေးများကို ရင်သားနို့တိုက်နေရသည်။ ၎င်းတို့အများစုကို လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပြစ်မှုများဖြင့် တရားစွဲခဲ့ပြီး ထောင် ၅ နှစ်အထိ ချမှတ်ထားသည်။ သို့ရာတွင် လူ့အခွင့်အရေး အဖွဲ့အစည်းများကမူ ၎င်းတို့သည် အစိုးရမှ မူဆလင်တို့အပေါ် လက်ထပ်ထိမ်းမြားရန် ချမှတ်ထားသော တားမြစ်ချက်၏ သားကောင်များဖြစ်သည်ဟု ဆိုကြပါသည်။

အမျိုးသားများသည် ခွင့်ပြုမိန့်မပါဘဲ အိမ်ထောင်ပြုမှုအတွက်မကြာခဏထောင်ချခံရသော်လည်း အတော်များများသည် အထူးသဖြင့် အမျိုးသမီးများသည် အိမ်ထောင် ပြုရန်အတွက် နယ်စပ်ကိုဖြတ်ကျော်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ခရီးနှင်ခဲ့သည်အတွက် ဖမ်းဆီးခံရခြင်းဖြစ်ပါသည်။ မှတ်ပုံတင်နိုင်ခြင်းမရှိသော ကလေးသူငယ်များ၏အရေးသည် ၎င်းတို့၏အရေအတွက် မြင့်မားလာသည့်နှင့်အမျှ အရေးကြီးလာပါသည်။ ဤကလေးတို့၏ အနာဂတ် မည်သို့ရှိအံ့နည်း။ မှတ်ပုံတင်မဲ့ ဖြစ်နေသည့်အလျောက် ၎င်းတို့သည် ခရီးသွားလာခွင့်၊ အိမ်ထောင်ပြုခွင့် စသည်တို့ကို လျှောက်ထားနိုင်လိမ့်မည်မဟုတ်ပေ။ ယင်းတို့အားလုံးသည် ဒုက္ခသည်ဖြစ်နိုင်ခြေရှိသူများပင်ဖြစ်ပါသည်။၃၅

# ရိုဟင်ဂျာ လှေစီးပြေးဒုက္ခသည်များ၏ အဖြစ်ဆိုး

ရိုဟင်ဂျာတို့သည် မြန်မာနိုင်ငံတွင် ငြင်းပယ်ခံရသူများဖြစ်သကဲ့သို့ အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နှင့် အခြားနေရာများတွင်လည်း လိုလားသောသူများမဟုတ်ပေ။ ၂၀၀၈ ခုနှစ်မှစ၍ ထောင်ပေါင်းများစွာသောရိုဟင်ဂျာတို့သည်ဘေးကင်းလုံခြုံမှုအတွက်မလေးရှားသို့ဦးတည်၍ ခိုင်ခန့်မှုမရှိသည့်စက်လှေငယ်များဖြင့်ရေလမ်းကြောင်းအတိုင်းသက်စွန့်ဆံဖျား ထွက်ပြေးခဲ့ကြသည်။ ယင်းတို့သည် အဆက်မဖြတ် နိပ်စက် ညှဉ်းပန်းမှုများကို မခံရပ်နိုင်သောကြောင့် များစွာသော ဦးရေအတွက် ခိုလှုံမှုနှင့် ဘေးကင်းလုံခြုံရေးတို့ကို ရှာဖွေရန် ယခုကဲ့သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြ ခြင်းဖြစ်ပါသည်။



၂၀၁၅ ခုနှစ်က ထိုင်းနိုင်ငံတွင် ကယ်တင်ခဲ့သည့် ရိုဟင်ဂျာ လှေစီးပြေးဒုက္ခသည်များအား မြင်တွေ့နေရပုံ

ယင်းကဲ့သို့ ထွက်ပြေးကြသူများသည် လူကုန်ကူးသူများနှင့် လောဘကြီး မှောင်ခို သမားများ၏ လက်ချက်ဖြင့် မကြာခဏဆိုသလို သားကောင်ဘဝ ရောက်ခဲ့ရသည်။ ၎င်းတို့အား ထိုနည်းအတိုင်း ထွက်ပြေးရန် ပင်လယ်ထဲသို့ မောင်းထုတ်သည့်အခါ၌ လည်း ကောင်း၊တစ်ခါတစ်ရံ စက်လှေမှအင်ဂျင်များ သိမ်းပိုက်ခံရခြင်းကြောင့်လည်းကောင်း ပင်လယ်ပြင်တွင် ဝေဲမွတ်ခေါင်းပါးစွာဖြင့် သေကြေခဲ့ကြရပါသည်။ ထို့ပြင် အစုလိုက် အပြုံလိုက်မြှုပ်နှံထားသည့် သင်္ချိုင်းများကိုလည်း ထိုင်း - မလေးရှားနယ် စပ်ဒေသများ၌ ဖော်ထုတ်တွေ့ရှိခဲ့ပါသည်။ ဆက်လက်၍ ဘင်္ဂလားပင်လယ်အော်၊ ကပ္ပလီပင်လယ်နှင့် မလက္ကာရေလက်ကြားတို့သည် ရိုဟင်ဂျာလူကုန်ကူးခံရသူတို့၏ သုသာန်များ ဖြစ်လာကြပါသည်။ အချို့သောထိုင်းအရာရှိများက ရိုဟင်ဂျာတို့အား  ရောင်းစားခဲ့သည်

ဟု သတင်းများ၌ ဖော်ပြထားသည်။ "ရိုဟင်ဂျာဒုက္ခသည်များကို ထိုင်း လူဝင်မှု-ထိန်းသိမ်းရေးစခန်းမှ ထုတ်ယူပြီး ပင်လယ်တွင်စောင့်ဆိုင်းလျက်ရှိသည့် လူကုန်ကူးသူများလက်သို့အပ်လိုက်သည်။"၃၆ "ထိုစက်လှေများအနက် အများစုကို ထိုင်းရေတပ်နှင့် ရဲများက ကြားဝင်ဟန့်ထားပြီး မလေးရှားတောင်ပိုင်းသို့ ပို့ဆောင်ခဲ့ကြသည့်လူကုန်ကူးသူများနှင့် အပေးအယူလုပ်ကာ ရောင်းဝယ်ဖောက်ကားမှုများ ပြုလုပ်ကြကြောင်း သတင်းများ ထွက်ပေါ်လာခဲ့သည်။"၃၇

၂၀၁၉ ခု၊ အောက်တိုဘာ ၁ ရက်နေ့တွင် UNHCR ၏ အစီရင်ခံစာတစ်ခု၌ ၂၀၁၈ ခု၊ ဇန်နဝါရီလမှ ၂၀၁၉ ခု ဇွန်လအတွင်း ဘင်္ဂလားဒေ့ရှ် နှင့် မြန်မာနိုင်ငံတို့ မှ ရိုဟင်ဂျာဒုက္ခသည်များနှင့် ခိုလှုံခွင့်တောင်းခံသူ ၁၆၀၀ တို့သည် ဘင်္ဂလားပင်လယ်အော် နှင့် ကပ္ပလီပင်လယ်(Andaman Sea) အကြား မောင်းနှင်းသွားသည်ဟုဖော်ပြထားပါသည်။ ၂၀၁၃-၂၀၁၅ ခုတွင် လူ ၈၁ ဦးလျှင် တစ်ဦးကျ သေဆုံးမှုနှုန်းကို နှိုင်းယှဉ်ပါက ၂၀၁၈ ခုနှစ်တွင်စတင်ခဲ့သည့် ၁၈ လကြာ ရေကြောင်းခရီး၌ လူ ၆၉ ဦးလျှင်တစ်ဦးကျ သေဆုံးခဲ့ပါသည် သို့မဟုတ် ပျောက်ဆုံးသွားခဲ့သည်ဟု ခန့်မှန်းကြပါသည်။ ၂၀၁၅ ခုနှစ် အထိ ခရီးသွားအများစုသည် အမျိုးသားများဖြစ်ပြီး၊ ၂၀၁၈ ခုနှစ်မှစ၍ ခရီးသွားသူများနှင့် နှိုင်းယှဉ်ပါက ၅၉ ရာခိုင်နှုန်းသည် အမျိုးသမီးများနှင့် ကလေးသူငယ်များ ဖြစ်ပါသည်။၃၈



ရိုဟင်ဂျာအလောင်း ၂၄ ခုအား အစုလိုက်အပြုံလိုက် မြှုပ်နှံထားသည့် သင်္ချိုင်း ကို ထိုင်း-မလေးရှား နယ်စပ်၌ ဩဂုတ် ၂၃ ၊ ၂၀၁၅ တွင် ပြန်လည်းတူးဖော်နေသည့်ပုံ

ဒီကနေ့ ရိုဟင်ဂျာတို့သည် မြန်မာနိုင်ငံတွင် နှိပ်စက် ညှင်းပန်းမှု နှင့် ဘင်္ဂလားဒေ့ရှ် ရှိ ဒုက္ခသည်စခန်းများတွင် ဆင်းရဲနွမ်းပါးမှုများနှင့် အဆုံးသတ်ရန် လမ်းကြောင်းအရိပ် အရောင်မမြင်ရသောကြောင့် လူကုန်ကူးသူများနှင့်ရာဇဝတ်ဂိုဏ်းများ၏ကရုဏာဖြင့် လူများ ပြွက်သိပ်ပြည့်ကျပ်နေပြီး လုံခြုံမှုမရှိသော စက်လှေများဖြင့် ခရီးနှင်ကြသော သေမင်း သို့မဟုတ် အနာတရဖြစ်ခြင်းတို့ကို ကြုံတွေ့ရသော်လည်း ထိုမျှ အန္တရာယ်ကြီးမားသော ပင်လယ်ခရီးကြမ်းကို မကြာခဏ လိုက်ပါသွားရန် ပိုမိုပြင်းပြလာကြပါသည်။ ၂၀၂၀ ခုနှစ်၊ ဧပြီ ၁၅ ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ်ရေတပ် မှ လူ ၄၀၀ နီးပါးဖြင့် နှစ်လကျော်ကျော် မျောပါနေခဲ့သည့် စက်လှေတစ်စီးကို ကယ်တင်ခဲ့ရာ ပင်လယ်ပြင်တွင် ထိုစက်လှေ၌ အနည်းဆုံးလူ (၃၀) သေဆုံးခဲ့ရကြောင်း သိရပါသည်။ ရာနှင့်ချီ၍ ရိုဟင်ဂျာအမျိုးသမီးများ၊ အမျိုးသားများနှင့်ကလေးငယ်များကိုသယ်ဆောင်လာသည့် စက်လှေမြောက်များစွာသည် မလေးရှားမှမောင်းထုတ်ခံရပြီးနောက်ပင်လယ်ပြင်တွင် သောင်တင် နေခဲ့ရာ အဆိုပါ စက်လှေ အားလုံးအပေါ် COVID-19 ကူးစက်ရောဂါကြောင့် ကန့်သတ်ချက်များ ချမှတ်ခဲ့ပါသည်။ “လုံခြုံမှုရလို သူများ အတွက် ပင်လယ်ပြင်သည် သင်္ချိုင်းများ မဖြစ်လာစေရန် ဒေသအတွင်းရှိ နိုင်ငံတိုင်း၌ တာဝန်ရှိပါသည်။ ထိုအခြေ အနေကို ဖြေရှင်းရန်အတွက် ဘင်္ဂလားဒေ့ရှ် နိုင်ငံကို ထီးတည်းဖြစ်စေခြင်းမျိုး မလုပ်သင့်ပါ။ အကြင်သူတစ်ဦးသည် မိမိ၏ ကိုယ်ပိုင်ဝတ္တရားကို ကျေပြွန်နေခြင်းသည် ကျန်လူများအဖို့ ၎င်းတို့၏ဝတ္တရားများ ပျက်ကွက်ရန် အကြောင်းပြချက် မဖြစ်သင့်ပေ။”၃၉



၂၀၁၅ ခုနှစ်က ထိုင်းနိုင်ငံတွင် ကယ်တင်ခဲ့သည့် ရိုဟင်ဂျာ လှေစီးပြေးဒုက္ခသည်များအား မြင်တွေ့နေရပုံ

# ဒီမိုကရေစီ အသွင်ကူးပြောင်းရာ၌ ရိုဟင်ဂျာတို့ အခြေအနေ

မြန်မာနိုင်ငံ၏ ၂၀၀၈-၂၀၂၀ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး မျက်နှာစာတွင် ရိုဟင်ဂျာတို့သည် ၎င်းတို့၏ လူ့အခွင့်အရေးဆိုင်ရာ လမ်းစ အစအန အားလုံးကို ဆုံးရှုံးခံလိုက် ရသည်။ ၂၀၁၄ တွင် ကုလသမဂ္ဂ၏ အထောက်အပံ့ဖြင့် ပြုလုပ်ခဲ့သည့် အမျိုးသား သန်းခေါင်စာရင်းကောက်ခံခြင်းမှ၎င်းတို့အား ပထမဆုံးအကြိမ် ဖယ်ထုတ်ခဲ့ပြီး၊ ၂၀၁၅ ခုနှစ်တွင် အထွေထွေရွေးကောက်ပွဲ၌မဲပေးပိုင်ခွင့်ကိုစနစ်တကျရုပ်သိမ်းလိုက်သည့်အပြင် အခြေခံလွတ်လပ်ခွင့်များနှင့် နိုင်ငံသားဖြစ်ကြောင်းကိုပါဆက်လက်ငြင်းဆန်ခြင်း ခံလိုက်ရပါသည်။ ၎င်းတို့ထံမှ အမျိုးသားမှတ်ပုံတင် ကတ်ပြား (NRC) များကို သိမ်းဆည်းခြင်း၊ ၎င်းတို့၏ စာရွက်စာတမ်း အထောက်အထားများ ဖျက်ဆီးခြင်းနှင့် များစွာသော ရိုဟင်ဂျာတို့အား သက်သေခံ စာရွက်စာတမ်းများ ထုတ်မပေးခြင်း စသည်တို့ကို ပြုလုပ်ခဲ့ပါသည်။ အပြန်အလှန်အားဖြင့် ၎င်းတို့ အား National Verification Card (NVC) ကတ်ပြားများကိုင်ရန်အတင်းအကြပ် လုပ်ဆောင်လျက်ရှိပါသည်။ ယင်း လုပ်ရပ်သည် မလိုလားအပ်သော အကြောင်းအရာ တစ်ခု ဖြစ်ပါသည်။ အဘယ်ကြောင့် ဆိုသော် မြန်မာ အာဏာပိုင်များထံ ရံဖန်ရံခါ စီစစ် ပြုစုထားသည့် စာရင်းဇယားများ၌ ရခိုင်ပြည်နယ် အတွင်း မည်သူမည်ဝါ နေထိုင်လျက် ရှိသည်ဟူသည့် မှတ်တမ်းများ အပြည့်အဝ ရှိသောကြောင့်ဖြစ်ပါသည်။




NVC ကဒ်၏ နမူနာ ပုံစံ

NVC သည် ရည်ရွယ်ချက်ရှိရှိဖြင့် ရိုဟင်ဂျာတို့ကို နိုင်ငံခြားသားများအဖြစ် ခွဲခြားရွေးထုတ်ရန် ဖိနှိပ်ရေးတန်ဆာ (Oppersive toll) အဖြစ် အသုံးပြုသည့် လူဦးရေ စာရင်းအင် တစ်ခု ဖြစ်သည်။ ၎င်းသည် ရိုဟင်ဂျာတို့အား တရားမဝင် နေထိုင်သူများ အဖြစ် လုပ်ကြံ ဖန်တီးရန်နှင့် ၎င်းတို့၏နိုင်ငံသားအဆင့်ကို မရေရာသော အနေအထား တစ်ခု၌ အမြဲတမ်းထားရှိရန် လုပ်ငန်းစဉ် တစိတ်တပိုင်းဖြစ်ပါသည်။ "NVCသည် မြန်မာနိုင်ငံ၊အာရကန်ပြည်နယ်အတွင်း လူမျိုးဘာသာခွဲခြားမှု စီမံကိန်း၏ အဓိက အခန်းကဏ္ဍတွင် ပါဝင်ပြီး၊ယင်းလုပ်ရပ်ကို အပြည်ပြည်ဆိုင်ရာ နိုင်ငံတော်အဆင့် ရာဇဝတ်မှု လေ့လာရေးအဖွဲ့ (International State Crime Initiative) မှ'လူမျိုးတုံး သတ်ဖြတ်မှု ကိရိယာ' အဖြစ်ဖြင့် ဖော်ပြခဲ့ပါသည်။"၄၀

နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မှ ရိုဟင်ဂျာတို့အား လူသူ အမြင်မခံလိုသည့် ကြိုးပမ်းမှုများလည်းရှိခဲ့သည်။ "သူမ၏ NLD အစိုးရသည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ကြီးအား ရိုဟင်ဂျာ ဟူသော အသုံးအနှုန်းကို အသုံး မပြုရန် တရားဝင်တောင်းဆိုခဲ့သည်။"၄၁ ရိုဟင်ဂျာ အပေါ်ထားရှိသော သူမ၏သဘောထားနှင့် ပတ်သက်၍ ဗြိတိန်ဂန်ကြီးချုပ်ဟောင်း ဒေးဗစ်ကင်မရွန်ကအောက်ပါအတိုင်း ရေးသားထားပါသည်။

| |
|---|
| ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလတွင် သူမ လန်ဒန်သို့ လာရောက် လည်ပတ်စဉ် လူတိုင်းသည် သူမ၏ တိုင်းပြည်အတွင်း ဗုဒ္ဓဘာသာဝင်ရခိုင်လူမျိုးတို့က ရိုဟင်ဂျာတို့အား ၎င်းတို့၏နေအိမ်များမှ မောင်းထုတ်ခဲ့ခြင်း အပေါ် အာရုံစူးစိုက်လျက်ရှိသည်။ ထိုကိစ္စနှင့် ဆက်လျဉ်း၍ အဓမ္မပြုကျင့်မှု၊ လူသတ်မှုနှင့်လူမျိုးဆိတ်သုဉ်းရှင်းလင်း ဖယ်ရှားမှုဆိုင်ရာ ဇာတ်လမ်းများ လည်းရှိပါသည်။ ထို့ကြောင့် ကျွန်ုပ်က သူမအား ထိုကိစ္စ ကမ္ဘာကြီးက စောင့်ကြည့်လျက်ရှိနေကြောင်း ပြောကြားခဲ့ရာ သူမ၏ တုန့်ပြန်ချက်မှာ"သူတို့တွေဟာ ဗမာစစ်စစ်တွေ မဟုတ်ပါဘူး။ ဘင်္ဂလားဒေ့ရှ် နိုင်ငံသားတွေပါ။"ဟူ၍ ဖြစ်ပါသည်။ သူမသည် ၂၀၁၅ ခုနှစ်တွင် အမှန်တကယ် နိုင်ငံခေါင်းဆောင်တစ်ဦး ဖြစ်လာသော်လည်း ရိုဟင်ဂျာတို့အပေါ် အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။၄၂ |

ဒေါ်အောင်ဆန်းစုကြည် နှင့် သူမ၏ ဖခင်တို့အကြား မတူညီသည့်အချက်မှာ - သူမ၏ဖခင်၊ ဗမာ့လွတ်လပ်ရေး သူရဲကောင်း ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၆ ခုနှစ် ကစစ်တွေ (Akyab ဟုလည်း လူသိများသည်) သို့ လာရောက် လည်ပတ်ခဲ့စဉ် ရိုဟင်ဂျာခေါင်းဆောင်များအား "မူဆလင်လူထုလဲ ကျွန်တော်တို့နဲ့ လက်တွဲ ဆောင်ရွက် စေလိုတယ်၊ ကျွန်တော် ချက်လက်မှတ် အလွတ် (Blank Cheque) ပေးပါမယ်။ သေ အတူရှင်အမျှပါ။ မိမိတို့ လိုရာကို တောင်းကြပါ။ ကျွန်တော်က တတ်နိုင်သလောက် လိုက်လျောပါမယ်။ တိုင်းရင်းသား ကွဲနေရင် ဗမာပြည် လွတ်လပ်ရေးရဖို့ ခက်ပါ တယ်။" ၄၃ ဟု ပြောကြားခဲ့ဘူးပါသည်။



ဗိုလ်ချုပ်အောင်ဆန်း၏ အာရကန်ခရီးစဉ်၌ ရိုဟင်ဂျာခေါင်းဆောင်များနှင့်အတူ မြင်တွေ့နေရပုံ

သို့သော် အနှစ် (၇၀) ကျော်ပြီး နောက် "မြန်မာ လုံခြုံရေးတပ်ဖွဲ့များမှ ရိုဟင်ဂျာ အမျိုးသမီးများ အား မုဒိမ်းကျင့်မှုသည် ကျယ်ကျယ်ပြန့်ပြန့် နှင့် ပုံမှန်ဖြစ်လာသည်။"[၄၄] စစ်တပ်၏ ရိုင်းစိုင်းသော အကြမ်းဖက် လုပ်ရပ်ကြောင့် မရေမတွက်နိုင်သော အမျိုးသမီးများ နှင့် မိန်းကလေးငယ်များ သည် ထိခိုက်မှု ဒဏ် နှင့် စိတ်ဖိစီးမှု ဝေဒနာများ ကို ရက်ရက် စက်စက် ခံစားနေရပါသည်။[၄၅] သို့သော်လည်း ဒေါ်အောင်ဆန်းစုကြည် အနေဖြင့် ဒီကနေ့အထိ ရိုသားမှုကင်းမဲ့ပြီး မုဒိမ်းမှုများကို 'လုပ်ကြံပုံပြင်' ဟုဆိုကာ ထိုရက်စက် ရိုင်းစိုင်းသော တပ်သားများကို အကာအကွယ်ပေးနေကြသည်။ သူမသည် အသက်ပေါင်း များစွာကိုငင်း၊ ရိုဟင်ဂျာ နှင့် အခြားမွတ်စလင်တို့အား ဖျက်ဆီးခြင်းများမှငင်း၊ ကယ်တင် နိုင်စွမ်းရှိသော်လည်း ထူးဆန်းစွာ နုတ်ဆိတ်နေပြီး ၎င်းတို့အား အကူအညီပေးရန် တွန့်ဆုတ်နေခဲ့သည်။ သူမအနေဖြင့် အကူအညီပေးရန် အာဏာကင်းမဲ့သူတစ်ဦးကား လုံးဝ မဟုတ်ပေ။



၂၀၁၇ ခုနှစ်၊ စက်တင်ဘာ ၂၇ ရက်တွင် ရခိုင်ပြည်နယ် မြောက်ပိုင်း၊မောင်တော အနီးရှိ မီးရှို့ထားသောရွာများကို ပြသထားသည့် ဂြိုလ်ထု ဓါတ်ပုံ

# လူသားအပေါ် ကျူးလွန်သည့် ပြစ်မှုများ နှင့် လူမျိုးတုံး သတ်ဖြတ်မှု

ရိုဟင်ဂျာတို့အပေါ် ခြိမ်းခြောက်မှု၊ စီမံကိန်းကျကျ ညှဉ်းပန်းနှိပ်စက်မှု နှင့် သတ်ဖြတ် အကြမ်းဖက်မှုများ ကာလကြာမြင့်စွာ ကတည်းက ကျူးလွန်လာခဲ့ပြီး ယင်းပြစ်မှုများ အတွက် အာရကန် နယ်တစ်ခုလုံးတွင် စိုးစဉ်းမျှ အရေးယူ အပြစ်ပေးခြင်း မခံရပေ။ ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံ၏ အခြားအစိတ်အပိုင်းရှိ မူဆလင်လူထုနေ ရပ်ကွက်များ တွင်အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့ပါသည်။ ၂၀၁၂ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ၊အထူးသဖြင့် ၂၀၁၇ ခု အတွင်း အာရကန်တွင် ရိုဟင်ဂျာတို့ အပေါ် သိမ်းကျုံး ဖျက်ဆီးခြင်း၊ စနစ်တကျ မုဒိမ်းကျင့်ခြင်းနှင့် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်းတို့သည် ၎င်းတို့အား တစ်စုတစ်ပေါင်းတည်း သို့မဟုတ် တစ်စိတ်တစ်ပိုင်း အနေဖြင့် ချေမှုန်းပစ်ရန် အစိုးရ ပေါ်လစီ၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်ပါသည်။



၂၀၁၇ ခု၊စက်တင်ဘာလ ၁၆ ရက်နေ့တွင် ရိုက်ထားသော မောင်တောမြောက်ပိုင်း၊ ရိုဟင်ဂျာ ကျေးရွာ - နွားရုံးတောင်၏ မီးလောင်ပြီးတွေ့ရသော ဂြိုလ်ထု ဓါတ်ပုံ

၂၀၁၂ ခုနှစ်တွင် အသတ်ခံရသူ၊ ရေနစ်သေဆုံးသူ သို့မဟုတ် ပျောက်ဆုံးသွားသူ ရိုဟင်ဂျာနှင့် အခြားမူဆလင်အရေအတွက်မှာခန့်မှန်းခြေအားဖြင့် ၂၀၀၀ ခန့် ရှိပါသည်။ အမျိုးသမီး နှင့် မိန်းကလေးငယ်များ ရာနှင့်ချီ၍ မုဒိမ်းကျင့်ခံခဲ့ရပြီး၊ အိုးအိမ် များ၊ ဗလီ များနှင့် ဘာသာရေးကျောင်းများ ရာနှင့်ချီ မီးရှို့ခြင်းခံခဲ့ရသည်။ ရိုဟင်ဂျာ ၁,၆၀၀ ခန့်ကို ဖမ်းဆီးထောင်ကျခဲ့ပြီး၊ ရိုဟင်ဂျာနှင့် ကမန်မူဆလင် ၁၄၀,၀၀၀ ခန့်ကို လူမျိုးဘာသာခွဲခြားရေး ချွေးတပ်စခန်းများသို့ ပြောင်းရွှေ့နေစေခဲ့ပါသည်။ အဆိုပါ စခန်းများ၌ ပညာရေး၊ လုံလောက်သည့် စားနပ်ရိက္ခာ၊ ကျန်းမာရေး နှင့် ညီညွတ်သည့် မိလ္လာ နှင့်

ဆေးဝါးကုသမှု အပါအဝင် အခြေခံ လွတ်လပ်ခွင့်များ မပါရှိဘဲ နွမ်းရိ ညှိုးငယ်စွာဖြင့် နေထိုင်လာကြသည်မှာ ၇ နှစ် ကျော်နေပြီးဖြစ်ပါသည်။ ဆင်းရဲသား ရိုဟင်ဂျာတို့အား လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာအကူအညီပေးခြင်းများကိုပိတ်ဆို့ထားသည့် ကျေးရွာများ နှင့် အပယ်ခံ ရပ်ကွက်များ အတွင်း တစ်စုံတစ်ရာ အထောက်အပံ့ မရှိဘဲ ငတ်မွတ်ခြင်းဒဏ်ကို ရင်ဆိုင် နေရပါသည်။"နတ်မြစ်ကို ဖြတ်ကျော်ပြီး ဘင်္ဂလားဒေ့ရှ် သို့ ထွက်ပြေးတိမ်းရှောင်သူများ တစ်ခါတစ်ရံ မြန်မာရေတပ်နှင့် စစ်ရဟတ်ယာဉ်များ ၏ တိုက်ခိုက်မှုများခံကြရပါသည်။ ဘင်္ဂလားဒေ့ရှ် နယ်စပ်စောင့်တပ်ဖွဲ့(BGB)က ယင်း ကဲ့သို့ ရောက်ရှိလာသူ အတော်များများကို နေရပ်ပြန်ပို့ခဲ့ကြရာ ဂျီနိုဆိုက်ရှင်သန်သူ များ အစုလိုက်အပြုံလိုက် ရောက်ရှိလာသည့် ၂၀၁၇ ခုနှစ် အထိဖြစ်သည်။"၄၆



၂၀၁၇ ခု၊ ဩဂုတ်လ၊ မောင်တောမြို့နယ်တောင်ပိုင်း၌ မီးရှို့ခံခဲ့ရသည့်
ရိုဟင်ဂျာအိုးအိမ်များ၏ မြင်ကွင်းတစ်ခု

၂၀၁၇ ခုနှစ်တွင် ထောင်ပေါင်းရာနှင့်ချီ၍ ရိုဟင်ဂျာအမျိုးသားများ၊ အမျိုးသမီးများနှင့် ကလေးငယ်များသည် ရက်စက်ကြမ်းကြုတ်သည့် လုပ်ရပ်များမှ လွတ်မြောက်စေရန် နောက်တကြိမ် အစုလိုက်အပြုံလိုက် ထွက်ပြေးခဲ့ကြသည့် ပုံရိပ်များကြောင့် ကမ္ဘာကြီး ကို အံ့အော်သင့်စေခဲ့သည်။ မိသားစုဝင်များ အသတ်ခံရခြင်း၊ ရာပေါင်းများ စွာသော ကျေးရွာများကို မီးရှို့ခြင်း၊ ထောင်ပေါင်းများစွာသော အိုးအိမ်များကိုမီးရှို့လောင်ကျွမ်း စေပြီး ပြာဖြစ်စေခြင်း၊ အမျိုးသမီးများ အုပ်စုဖွဲ့ မုဒိမ်းကျင့်ခံရခြင်း၊ ကလေးငယ်သူ ငယ်များကို မီးလျှံထဲသို့ပစ်ချခြင်းနှင့် ရိုဟင်ဂျာ ၇၅၀,၀၀၀ ကျော်အား ဘင်္ဂလားဒေ့ရှ် သို့ အတင်းအဓမ္မ နှင်ထုတ်ခြင်းဖြင့် ဒေသတွင်းတည်ငြိမ်မှုကို ပျက်ပြားစေပြီး၊ အပြည် ပြည်ဆိုင်ရာ ငြိမ်းချမ်းရေး နှင့် လုံခြုံရေးကိုပါ ခြိမ်းခြောက်မှုများ ဖြစ်ပေါ်စေခဲ့ပါသည်။

ဘင်္ဂလားဒေ့ရှ်အနေဖြင့် စီးပွားရေးအရ အခက်အခဲများ ရှိသော်ငြားလည်းလူသားချင်း စာနာ ထောက်ထားသည့်အနေဖြင့် ၎င်းတို့အား နားခိုရာများပေးခဲ့ပါသည်။မောင်တော ခရိုင်အတွင်း နေရာ အတော်များများ၌ လူကို အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်းနှင့် ဖျက်ဆီးမှုများကို ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်စေခဲ့ပါသည်။ "၂၀၁၃တွင် ဒု-ချီးရားတန်း (ခ)ကီလိုက်တောင်ကျေးရွာနှင့်၂၀၁၇တွင် ဂူဒါပြင် (ခ) ဂူဒါမ်ပါရာ၊ မင်းကြီး (ခ) တူလာ တူလီ၊ ဒုံးပိုက်၊ အလယ်သံကျော်(ခ)ဟိုက်ဆူရာတား ကျေးရွာများတွင် မကြုံစဖူးသည့် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများကို ကျူးလွန်ခဲ့ပါသည်။၄၇

နိုင်ငံတကာ ရာဇဝတ်မှုဆိုင်ရာ တရားရုံး (International Criminal Court – ICC) ဆိုင်ရာ ရောမ ဥပဒေပြဋ္ဌာန်းချက်ပါ အပိုဒ် ၇ (၁)၊ (၁၉၉၈) ၏ ဖော်ပြချက်အရ -

လူသားမျိုးနွယ်အပေါ် ဆန့်ကျင်သည့် ရာဇဝတ်မှုဆိုသည်မှာ မည်သည့်အရပ်သား အပေါ်မဆို အောက်ပါ ပြစ်မှုတစ်ခုခုအား ဆန္ဒရှိရှိ ကျူးလွန်ပါက သို့မဟုတ် စနစ်တကျ စီစဉ်ပြီးတိုက်ခိုက်မှုများ ကျယ်ကျယ်ပြန့် ပြန့် (သို့) တစိတ်တပိုင်း ကျူးလွန်ပါက ထိုလုပ်ရပ်ကိုဆိုလိုပါသည်။ ၎င်းတို့မှာ -
(က) လူသတ်မှု၊ (ခ) မျိုးဖြုတ် သုတ်သင်ခြင်း၊ (ဂ) ပြည် နှင်ဒဏ်ပေးခြင်း (သို့) အတင်း အဓမ္မရွှေ့ပြောင်း စေခြင်း၊ (င) အပြည်ပြည်ဆိုင်ရာ ဥပဒေ ပြဋ္ဌာန်းချက်ပါ အခြေခံ စည်းမျဉ်းများကို ချိုးဖောက်ပြီး ထောင်ချ ခြင်း (သို့) အခြားရုပ်ပိုင်းဆိုင်ရာ လွတ်လပ်မှုကို ဆိုးရွားစွာ ချိုးဖောက်ခြင်း၊ (စ) ညှင်းပန်းနှိပ်စက်ခြင်း၊ (ဆ) အဓမ္မပြုကျင့်ခြင်း၊ ကျွန်ပြုခြင်း၊ ပြည့်တန်ဆာလုပ်ရန် အတင်းအဓမ္မစေခိုင်းခြင်း၊ အတင်းအဓမ္မ ကိုယ် ဝန်ဆောင်စေခြင်း၊ သားကောင်ဖျက်ချရန် အတင်းအကြပ်လုပ်ခြင်း (သို့) တစ်စုံတစ်ရာ အင်အား သုံး၍ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း (ဇ) ခွဲခြားသတ်မှတ်ထားသည့် မည်သည့်အုပ်စုကိုမဆို သို့မဟုတ် နိုင်ငံ ရေး၊လူမျိုးရေး၊ နိုင်ငံသား၊ ယဉ်ကျေးမှု၊ ဘာသာရေး၊ လိင် စသောနယ်ပယ်တစ်ခုခုနှင့် ဆက်စပ်မှုရှိသူများ အား စုပေါင်း ဖိစီးနှိပ်စက်ခြင်း၊ (ဈ) လူများကို အတင်းအဓမ္မ ပျောက်ဆုံးစေခြင်း၊ (ည) အသားအရောင် ခွဲခြားမှုဆိုင်ရာ ရာဇဝတ်မှု၊ (ဋ) ကြီးမားသော ဝေဒနာကိုခံစားစေလိုသည့် ရည်ရွယ်ချက်ဖြင့် အခြားအလား တူ လူမဆန်သောအပြုအမူများ (သို့) ခန္ဓာကိုယ် (သို့) စိတ်ပိုင်း (သို့) ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးတို့ကို ပြင်းထန်စွာထိ ခိုက်စေမှု ...တို့ဖြစ်ပါသည်။

၂၀၁၇ ခုနှစ်၊စက်တင်ဘာ၂ ရက်နေ့တွင်မောင်တောမြို့နယ်၊အင်းဒင်ကျေးရွာမှ ရိုဟင် ဂျာအမျိုးသား၁၀ ဦးကို အတူတကွ ကြိုးဖြင့်ချည်နှောင်ထားပြီး၊ ဗုဒ္ဓဘာသာဝင် ကျေး ရွာ သားများက မြေကျင်းတိမ်တိမ်လေးတစ်ခု တူးနေသည်ကို မြင်တွေ့ခဲ့ပါသည်။ များ မကြာမီ ထိုလူ ၁၀ ယောက်စလုံး အား သတ်ပြီး ၎င်းဂူထဲသို့ မြှုပ်နှံလိုက်သည်။ ယင်း တို့အနက် နှစ်ဦးကို ဗုဒ္ဓဘာသာဝင်များက ဓါးများဖြင့် ခုတ်ထစ် သတ်ဖြတ်ခြင်း ဖြစ်ပြီး၊ ကျန် ၈ ဦးကိုမူ မြန်မာလုံခြုံရေးတပ်ဖွဲ့ဝင်များကသေနတ်ဖြင့် ပစ်သတ်ခဲ့သည်ကို ရိုက် တာ သတင်းဌာန မှ ထိုအစုလိုက်အပြုံလိုက် လူသတ်မှု၏ မျက်မြင်သက်သေများ ကို တွေ့ဆုံ မေးမြန်းကာ လူသိရှင်ကြား ထုတ်ဖော် ပြောဆိုခဲ့ ပါသည်။ ၂၀၁၂ ခုနှစ် မှ စ၍

ရခိုင် ပြည်နယ် မြောက်ပိုင်းရှိ နေရာများစွာ တို့တွင် ယင်းကဲ့သို့ အစုလိုက် အပြုံလိုက် မြှုပ်နှံထားသည့် နောက်ထပ်သင်္ချိုင်းများစွာကို တွေ့ရှိခဲ့ပါသည်။[၄၈]



၂၀၁၇ ခုနှစ်၊ စက်တင်ဘော ၂ ရက်၊ အင်ဒင်တွင် သတ်ဖြတ်ပြီး အစုလိုက်မြေမြှုပ်ထားခဲ့သည့် ရိုဟင်ဂျာအမျိုးသား ၁၀ ဦးကို မသတ်ပစ်မီ ကြိုးဖြင့်အတူတကွ ချည်နှောင်ထားသည့်ပုံ၊ ဓါတ်ပုံ - ရိုက်တာ

၂၀၁၈ ခုနှစ်တွင် အေပီ သတင်းဌာန (Associated Press) က ဘူးသီးတောင်မြို့နယ်၊ ဂူဒါပြင်ကျေးရွာတွင် ရိုဟင်ဂျာတို့အား အစုလိုက်အပြုံလိုက် မြှုပ်နှံထားသည့် အနည်းဆုံးသင်္ချိုင်း ၅ ခု ရှိကြောင်းဖော်ပြခဲ့ပါသည်။ ထိုသတင်းတွင်ယင်းထိတ်လန့်စက်ဆုတ်ဖွယ် အကြမ်းဖက်တိုက်ခိုက်မှုကို မြန်မာစစ်တပ်နှင့်ဗုဒ္ဓဘာသာဝင် လူဆိုးလူမိုက်များက ပြုလုပ်ခဲ့ကြောင်း၊ ၎င်းတို့က ရွာသားများအပေါ် သေနတ်များ၊ဓားများ၊ ဒုံးကျည်များနှင့် လက်ပစ်ဗုံးများဖြင့် တိုက်ခိုက်ခဲ့ကြောင်း၊ထို့နောက် အလောင်းများကို တွင်းထဲသို့ ပစ်ချခြင်းမပြုမီ အက်ဆစ်ဖြင့် ပက်ခဲ့ကြောင်း ဖော်ပြခဲ့ပါ သည်။[၄၉] သေဆုံးခဲ့ရသူရွာသူရွာသားများမှာ ခန့်မှန်းခြေ အားဖြင့် ၄၀၀ ကျော်ဖြစ် နိုင်ကြောင်း ဆွေးမျိုးသားချင်းများ၏ ထွက်ဆိုချက်အပြင် မြေကျင်းများထဲ၌ မြင် တွေ့ခဲ့ရသည့် အလောင်းများနှင့် နယ်မြေဒေသ တဝိုက် အလောင်းများ ပြန့်ကျဲနေမှု တို့ကို အခြေခံ၍ သိရှိရပါသည်။[၅၀]

အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ဥပဒေ၏ အခြေခံစည်းမျဉ်း တစ်ရပ်မှာ- တိုက်ခိုက်မှုအတွင်း အရပ်သားများ၊အခြားစစ်မတိုက်သူ စစ်ဝန်ထမ်းများ (သို့) အရပ်ဘက် ပိုင်ဆိုင်မှုများကို ပစ်မှတ် ထားခြင်းအား မည့်သည့် နည်းနှင့်မျှ ခွင့်မပြုပါ။ ဤအချက်ကို ဂျီနီဗာ သဘောတူညီချက်များတွင် ပြဌာန်းထားခဲ့ပြီး၊ မြန်မာနိုင်ငံ စစ်အစိုးရက ၁၉၉၂ ခုနှစ်တွင် အတည်ပြု လက်မှတ် ရေးထိုးခဲ့ပါသည်။ လူသားမျိုးနွယ်

အပေါ်ကျူးလွန်သည့်ရာဇဝတ်မှုဟူသည် စစ်တပ်မှ အရပ်သားများအပေါ် စစ်ရေးကျူးကျော်မှုသာမက လူသတ်မှု၊ ကျွန်ပြုမှု၊ အတင်းအဓမ္မရွှေ့ပြောင်းစေခြင်း၊ညှဉ်းပန်း နှိပ်စက်မှုနှင့် မုဒိမ်းမှုအပါအဝင်'အခြားအခြားသော ကျူးလွန်မှု များ'ကိုဆိုလိုပါသည်။၅၁

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်မှစ၍ ရိုဟင်ဂျာမူဆလင် ၂၄၀၀၀ ခန့် အသတ်ခံခဲ့ရပြီး၊ မြန်မာစစ်တပ် နှင့် ရဲများက ရိုဟင်ဂျာ အမျိုးသမီးနှင့် မိန်းကလေး ၁၈၀၀၀ ကို အဓမ္မပြုကျင့် ခဲ့သည့်အပြင် ၃၄၀၀၀ ကျော်ကိုလည်း မီးလျှံထဲသို့ ပစ်ချခြင်း၊ အခြား ၁၁၄,၀၀၀ ကျော်ကို ရိုက်နှက်ခြင်း၊ ရိုဟင်ဂျာတို့၏ အိုးအိမ် ၁၁၅,၀၀၀ ကို မီးရှို့ပြီး လောင်ကျွမ်းစေခြင်း နှင့် အခြား ၁၁၃,၀၀၀ ကို လက်သရမ်း ဖျက်ဆီးခြင်းများ ရှိခဲ့ကြောင်း Ontario International Development Agency(OIDA)၅၂၏ အစီရင်ခံစာ၌ ဖော်ပြထားသည်။ ဖော်ပြပါ ကိန်းဂဏန်းများသည် သမာရိုးကျ ခန့်မှန်းချက်ဖြစ်ပြီး အမှန်တကယ် ထိခိုက်ပျက်စီးမှုများမှာ ပိုမိုများပြားနိုင်ပါသည်။



၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၉ ရက် တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရိုဟင်ဂျာ ဒုက္ခသည်များတုန်လှုပ်ချောက်ချားစွာဖြင့် နတ်မြစ်ကို ဖြတ်ကူးနေစဉ် (အေအဖ်ပီ)

အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးဆိုင်ရာ ရောမပြဋ္ဌာန်းချက်ပါ ဥပဒေ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို အခြေခံ၍ ရိုဟင်ဂျာတို့အားလူမျိုးတုံးသတ်ဖြတ်လိုသည့်ရည်ရွယ်ချက်ဖြင့် လူသား မျိုးနွယ်အပေါ် ကျူးလွန်ခဲ့သည့် လူသတ်ခြင်း၊ အမြစ်ပြတ် သုတ်သင်ခြင်း၊ ပြည်နှင်ဒဏ်ပေးခြင်း(သို့)အတင်းအဓမ္မ ရွှေ့ပြောင်းစေခြင်း၊ ထောင်ချခြင်း(သို့)အခြား ရုပ်ပိုင်းဆိုင်ရာ လွတ်လပ်မှုကို အကြီးအကျယ် ဆုံးရှုံးစေခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ မုဒိမ်းကျင့်ခြင်း နှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ အဓမ္မကိုယ်ဝန်ဆောင်စေခြင်း၊

ဖိစီးနှိပ်ကွပ်ခြင်း၊ လူများကို အတင်းအဓမ္မ ဖျောက်ဖျက်ပစ်ခြင်း၊ ၎င်းအပြင် အခြားလူ သားမျိုးနွယ်အပေါ် ကျူးလွန်သည့်လူမဆန်စွာ ပြုမူဆက်ဆံခြင်းတို့သည် အာရကန် မှ ထိုလူနည်းစုတို့ အား ဖျက်ဆီးပစ်ရန် ကျူးလွန်ခဲ့ခြင်းဖြစ်ပါသည်။ ကုလသမဂ္ဂ၏ ထုတ်ပြန်ချက်၌ "စစ်တပ်သည် ရိုဟင်ဂျာတို့အား အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်း နှင့် အုပ်စုဖွဲ့ မုဒိမ်းကျင့်ခြင်းတို့ကို လူမျိုးတုံးသတ်ဖြတ်လိုသည့် ရည်ရွယ်ချက်"ဖြင့် ကျူးလွန်ခဲ့ခြင်းဖြစ်ပြီး ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အပါအဝင် အခြား ဗိုလ်ချုပ်ငါးဦးအား ရာဇဝတ်မှုဆိုင်ရာ ဥပဒေအရ တရားစွဲဆိုသင့်ကြောင်းဖော်ပြထားပါသည်။"၅၃



၂၀၁၂ ခုနှစ်၊ အရေးအခင်းတွင် ရိုဟင်ဂျာ ကျေးရွာကို မီးရှို့ပြီး ပြန်လာသော အစွန်းရောက်တဦးပုံ

အထက်တွင် ဖော်ပြခဲ့သည့် ဖြစ်ရပ်မှန် အချို့နှင့်အတူ ရိုဟင်ဂျာ တို့အပေါ် ကျူးလွန်ခဲ့သော လူသားမျိုးနွယ်များအပေါ် ဆန့်ကျင်သည့် ပြစ်မှုများဆိုင်ရာ အခြေအနေများ ကို အခြေခံ၍ လည်းကောင်း၊ ၁၉၄၈ ခုနှစ် လူမျိုးတုံး သတ်ဖြတ်မှုကို တားဆီးခြင်း နှင့် ပြစ်ဒဏ်ပေးခြင်း ဆိုင်ရာ သဘော တူညီချက်အရ လည်းကောင်း ရိုဟင်ဂျာတို့ အမှုသည် လူမျိုး တုံးသတ်ဖြတ်မှု ပင်လျှင် ဖြစ်ပါသည်။ "လူသားမျိုးနွယ်အပေါ် ကျူးလွန် သည့် ရာဇဝတ်မှု နှင့် လူမျိုးတုံး သတ်ဖြတ်မှုတို့ အကြား အနည်းဆုံး မူလကွဲလွဲချက် သုံးခု ရှိပါသည်။ ပထမအချက်မှာ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ ကို အဓိကအားဖြင့် စစ်ရေး ကျူးကျော်မှု ဟု သတ်မှတ်ပြီး၊ လူမျိုးတုံး သတ်ဖြတ်မှု ကို စစ်နှင့် ငြိမ်းချမ်းရေးကာလများ၌ ကျူးလွန်နိုင်သော ရာဇဝတ်မှုအဖြစ် သတ်မှတ်ပါသည်။ ဒုတိယ အချက်မှာ လူသား မျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုသည် အရပ်သား

များအပေါ် တိုက်ခိုက်မှု ဖြစ်ပြီး၊ လူမျိုးတုံး သတ်ဖြတ်မှုအား စစ်တပ်များ အပေါ်တွင်လည်း ကျူးလွန်နိုင်သည့် ရာဇဝတ်မှုဖြစ်ပါသည်။ တတိယအချက် မှာ အုပ်စုတစ်ခုကို ဖျက်ဆီးပစ်ရန် ရည်ရွယ်ခြင်းသည် လူမျိုးတုံး သတ်ဖြတ်မှု တစ်ခု တည်းသာလျှင် ဖြစ်ပါသည်။ သို့ရာတွင် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (ICC) ထွန်းကားလာမှုသည် လူသား မျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှု နှင့် လူမျိုး တုံးသတ်ဖြတ်မှု တို့ကို သာမကဘဲ စစ်ရာဇဝတ်မှုကိုပါ အကျုံးဝင်စေခဲ့သည်။"[၅၄]



၂၀၁၇ ခုနှစ်၊ မြန်မာစစ်တပ်မှ မောင်တောမြောက်ပိုင်းတွင် မီးရှို့ပြီး
ကျန်ရစ်ခဲ့သော ရိုဟင်ဂျာ ကျေးရွာတခု၏ ပုံရိပ်

လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ သဘောတူစာချုပ်၏ အပိုဒ် ၂ တွင် နိုင်ငံသား နှင့် လူမျိုးစုဆိုင်ရာ အုပ်စုတစ်ခုခု သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း တစ်ခုခုကို တစိတ်တပိုင်းအားဖြင့် သို့မဟုတ် တစ်ခုလုံးကို ပျက်စီးစေရန် ကျူးလွန်သည့်ပြစ်မှုများသည် လူမျိုးတုံး သတ်ဖြတ်မှုဟူ၍ ရှင်းလင်းစွာ အဓိပ္ပာယ် ဖွင့်ဆိုထားသည်။ ၎င်းပြစ်မှုများတွင် ထိုအုပ်စု၊ အဖွဲ့အစည်း၏ အဖွဲ့ဝင်များအား သတ်ဖြတ်မှု၊ ပြင်းထန်စွာ အနာတရဖြစ်စေမှု သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်စေမှု၊ထိုအုပ်စုဝင်အဖြစ် ရပ်တည်နေနိုင်မှုကို ခြိမ်းခြောက် စေသည့် ရုပ်ပိုင်းဆိုင်ရာ ဖျက်ဆီးမှု၊ ၎င်းအုပ်စုဝင်များ တိုးပွားလာမှုကို ထိန်းချုပ်ရန် ပဋိဇီဝ တားဆီးခြင်း၊ ထို့အပြင် ကလေးသူငယ်များ ကို အုပ်စု တစ်ခု မှ အခြား အုပ်စုတစ်ခုသို့ အတင်းအဓမ္မ လွှဲပြောင်းခြင်း စသည်တို့လည်း ပါဝင်သည်။

လူမျိုးတုံးသတ်ဖြတ်မှု တားဆီးရေးဆိုင်ရာ Simon-Skjodt Center နှင့် Fortify Rights အဖွဲ့မှ ထုတ်ပြန်ခဲ့သည့် ပူးတွဲအစီရင်ခံစာ တစ်ရပ်၌ ၂၀၁၇ ခုနှစ်တွင် မြန်မာစစ်တပ်၊ တပ်မတော် လေ၊ရဲတပ်ဖွဲ့နှင့် လက်နက်ကိုင် အရပ်သားများက အာရကန်မြောက်ပိုင်း၌ ရိုဟင်ဂျာတို့အပေါ် မကြုံစဖူး၊ ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျ တိုက်ခိုက်မှု တစ်ရပ်ကို မညာမတာ နှင့် ထိထိရောက်ရောက် မည်ကဲ့သို့ ပြုလုပ်ခဲ့ကြောင်း မှတ်တမ်းတင်ခဲ့ပါသည်။[၅၅]

# မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အချက်အလက် ရှာဖွေရေးမစ်ရှင် ၏ အစီရင်ခံစာများ

၂၀၁၈ ခု၊ စက်တင်ဘာလတွင် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ မြန်မာနိုင်ငံ ဆိုင်ရာ လွတ်လပ်သည့် နိုင်ငံတကာ အချက်အလက်ရှာဖွေရေး မစ်ရှင်(IIFFMM) ကရိုဟင်ဂျာတို့အပေါ် အစိုးရ၏ အကြမ်းဖက်မှုများကို အသေးစိတ် ဖော်ပြထားသည့် အစီရင်ခံစာတစ်စောင် ထုတ်ပြန်ခဲ့ပြီး မြန်မာစစ်တပ်ခေါင်း ဆောင်များအား "လူမျိုးတုံးသတ်ဖြတ်မှု"၅၆ အတွက် တာဝန်ခံရန် တောင်းဆိုခဲ့ပါသည်။



၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာ ၂ ရက်၊ ဟေ့ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားမျှတမှုတရားရုံး မှ ရိုဟင်ဂျာများ အတွက် အများပြည်သူဆိုင်ရာကြားနာခြင်း ဓါတ်ပုံ- icj-cij.org

ထိုအစီရင်ခံစာကို စစ်တပ်သာမကဘဲ အရပ်သားအချို့လည်း မိမိတို့ပြည်သူများအပေါ် လူမျိုးတုံးသတ်ဖြတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုနှင့် စစ်ရာဇဝတ်မှုများကို ကျူးလွန်ခဲ့ကြောင်း၊ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် မြန်မာအရပ်သား အာဏာပိုင်များက အရပ်သားများအား အကာအကွယ်ပေးရန် ပျက်ကွက်ခဲ့သည့်အပြင် ရက်စက်ကြမ်းကြုတ်ဖွယ် ရာဇဝတ်မှုများကို ဆက်လက်ကျူးလွန်ရန် စွမ်းဆောင်စေကြောင်း အကြောင်းအရာများဖြင့် အဆုံးသတ်ထားပါသည်။ ထိုအစီရင်ခံစာ၌ ရခိုင်ပြည်နယ်တွင် လူနေမှုအချိုးအစား ကို ပြောင်းပစ်ရန် ရေးဆွဲထားသည့် မူဝါဒများနှင့် ရိုဟင်ဂျာ လူမှုအသိုင်းအဝိုင်းကို ဖျက်ဆီးပစ်ရန် ကြိုတင် စီမံထားမှုများ အပါအဝင် လူမျိုးတုံး သတ်ဖြတ်ရန် ရည်ရွယ်ချက်များ ပါဝင်သည့် သက်သေ အထောက်အထားများ ရှာဖွေတွေ့ရှိခဲ့ပြီး ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အပါအဝင် မြန်မာစစ်တပ်ခေါင်းဆောင်များအား လူမျိုး

တုံးသတ်ဖြတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှု နှင့် စစ်ရာဇဝတ်မှုများ ကျူးလွန်မှုဖြင့် တရားစွဲဆိုရန် တောင်းဆိုခဲ့ပါသည်။ ထို့အပြင် ထိုအစီရင်ခံစာ၌ အခြေအနေကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (ICC) သို့ လွှဲပြောင်းပေးရန် (သို့) နိုင်ငံတကာပြစ်မှုဆိုင်ရာ အထူးခုံရုံးတစ်ရပ်ဖွဲ့စည်းရန် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ (UNSC) သို့ တောင်းဆိုခဲ့ပါသည်။ "၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၂၂) ရက်နေ့က (IIFFMM) ကို ဦးဆောင်သူ မာဇူကီး ဒါရုဆ်မန် (Marzuki Darusman) မှ ကုလသမဂ္ဂ အထွေထွေ ညီလာခံ၌ ပြောကြားခဲ့သည်မှာ- မြန်မာနိုင်ငံ အနေဖြင့် လူမျိုးတုံး သတ်ဖြတ်မှုဆိုင်ရာ သဘောတူညီချက် နှင့် အညီ လူမျိုးတုံး သတ်ဖြတ်မှုကို တားဆီးရန် အတွက်လည်းကောင်း၊ စုံစမ်း စစ်ဆေးမှုများ ပြုလုပ်ရန်လည်းကောင်း၊ လူမျိုးတုံး သတ်ဖြတ်မှု နှင့် ပတ်သက်၍ ရာဇဝတ်မှု ကျူးလွန်သူများအား အပြစ်ဒဏ်ပေးရန် အတွက် ထိရောက်သည့် ဥပဒေများ ပြဋ္ဌာန်းရန် လည်းကောင်း ဝတ္တရားများကို ပျက်ကွက်ခဲ့ကြောင်း ပြောကြားခဲ့သည်။"၅၇ ထို့အပြင်(IIFFMM) ကျွမ်းကျင်သူများက "မြန်မာအစိုးရ အနေဖြင့် ပြဿနာ ပြေလည်စေရေး နှင့် ဒုက္ခသည်များ (ဘင်္ဂလားဒေ့ရှ်)မှ လုံခြုံစိတ်ချစွာ နေရပ်ပြန်နိုင်ရန် အကူအညီ ပေးရေးတို့ကို စိတ်ကောင်းစေတနာဖြင့် ဆောင်ရွက်ခဲ့သည့် အထောက်အထား မတွေ့ရှိခဲ့ကြောင်း မှတ်ချက်ပြုခဲ့ပါသည်။"၅၈



ရာပေါင်းများစွာသောရိုဟင်ဂျာများသည်ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နတ်မြစ်ကို ဖြတ်ကျော်ပြီး ထွက်ပြေးတိမ်းရှောင်လာကြစဉ်၊ ဓါတ်ပုံ-K M Asad /LightRocket /Getty

ရခိုင်ပြည်နယ်အတွင်းရှိ ရိုဟင်ဂျာတို့အပေါ် မြန်မာအစိုးရက ရက်စက်ကြမ်းကြုတ်စွာ ပြုလုပ် ခဲ့သည့် သတ်ဖြတ်မှု များသည် လူမျိုးတုံး သတ်ဖြတ်မှု သဘောတူညီချက် (Genocide Convention) ပါ ရာဇဝတ်မှု ကာကွယ်တားဆီးရေးနှင့် အပြစ်ဒဏ်ပေးရေးဆိုင်ရာ ပြဋ္ဌာန်းချက်မျိုးစုံကို ချိုးဖောက်ခဲ့သည်ဟုစွပ်စွဲပြီး အစ္စလာမ်နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(OIC) အဖွဲ့ဝင် ၅၇ နိုင်ငံ၏ ထောက်ခံမှုဖြင့်၂၀၁၉ ခု၊ နိုဝင်ဘာလ

၁၁ ရက် နေ့တွင် ဂမ်ဘီယာနိုင်ငံမှ မြန်မာနိုင်ငံအပေါ် နိုင်ငံတကာခုံရုံး (ICJ)၌ တရားစွဲခဲ့ပါသည်။ တဖန်"နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ရိုဟင်ဂျာ နှင့် လက်တင်အမေရိကန်နိုင်ငံ လူ့အခွင့်အရေး အဖွဲ့များ ပူးပေါင်း၍ နိုင်ငံ အများအပြား က ဥပဒေရေးရာ သဘောတရားအဖြစ် ဖော်ပြထားသည့် "တစ်ကမ္ဘာလုံးဆိုင်ရာ အလုံးစုံ တရားစီရင်ပိုင်ခွင့်" (Universal Jurisdiction) လုပ်ထုံးလုပ်နည်းအရ အာဂျင်တီးနားနိုင်ငံတွင် တရားစွဲဆိုခဲ့ပါသည်။ ထိုအမှုတွင် ရိုဟင်ဂျာမူဆလင် အသိုင်းအဝိုင်းက ရင်ဆိုင်နေကြရသည့်"ဖြစ်တည်မှု ခြိမ်းခြောက်ခံနေရခြင်း"(existential threat)အပေါ်စစ်ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ထိပ်တန်းစစ်ခေါင်းဆောင်များနှင့် နိုင်ငံရေးခေါင်း ဆောင်များအား တရားရင်ဆိုင်ရန် တောင်းဆိုခဲ့ပါသည်။"၅၉

ဂမ်ဘီယာ၏ တောင်းဆိုမှုကြောင့် ICJ သည် ၂၀၂၀၊ ဇန်နဝါရီ ၂၃ ရက်နေ့တွင် မြန်မာနိုင်ငံတွင် ရိုဟင်ဂျာတို့အဖို့ "ပြန်လည်ကုစား၍ မရနိုင်သောအန္တရာယ်" ရှိသည့် အခြေအနေကို အခြေခံ၍ ကြားဖြတ်အစီအမံများကို အမိန့်ချမှတ် ပေးခဲ့ပါ သည်။ ၎င်းတို့မှာ

- မြန်မာနိုင်ငံအနေဖြင့်လူမျိုးတုန်းသတ်ဖြတ်မှုတားဆီးရေးနိုင်ငံတကာသဘာတူညီချက်ပါဝတ္တရားများအတိုင်း အစီအမံအားလုံးကိုဆောင်ရွက် သွားရမည်။
- မြန်မာနိုင်ငံအနေဖြင့် ၎င်း၏စစ်တပ်နှင့် အခြားဆက်စပ်နေသည့် အဖွဲ့အစည်းများမှ လူမျိုးတုံးသတ်ဖြတ်မှုကို မကျူးလွန်နိုင်စေရန်(သို့)ကျူးလွန်လိုသည့် ရည်ရွယ်ချက် မရှိ နိုင်စေရန် အာမခံရမည်။
- မြန်မာအစိုးရအနေဖြင့် လူမျိုးတုံးသတ်ဖြတ်မှု ကျူးလွန်ခဲ့သည်ဟူ၍ စွပ်စွဲထားစွပ်စွဲထားပြီဖြစ်ရာ ယင်းလုပ်ရပ်နှင့် ဆက်နွယ်မှုရှိသည့် သက်သေခံအထောက်အထားများကို မဖျက်ဆီး၊ မပျောက်ပျက်စေရန်နှင့် ထိန်းသိမ်း ထားရန် အစီအမံများ ထိထိရောက်ရောက် ဆောင်ရွက်ရမည်။
- မြန်မာအစိုးရအနေဖြင့် အမှုကိုတရားရုံးက စစ်ဆေးနေစဉ်ကာလအတွင်း ဤထုတ်ပြန်ထားသည့် အရေးပေါ် ကြားဖြတ်အစီအမံနှင့်ပတ်သက်၍ တိုးတက်မှုအစီရင်ခံတစ်စောင်ကို လေးလအတွင်း တရားရုံးသို့တင်သွင်းရမည်။ ထို့နောက် အစီရင်ခံများကို ခြောက်လတစ်ကြိမ်စီ အမှုအပေါ် စီရင်ချက်ချသည့် ကာလအထိ ပုံမှန်တင်သွင်းရမည်။၆၀

မော်လဒိုက်အစိုးရကလည်း ၎င်းတို့အနေဖြင့် ၂၀၁၇ ခုနှစ်တွင် မြန်မာစစ်တပ်၏ရိုဟင်ဂျာတို့အပေါ် နှိမ်နင်းခဲ့မှုကို စိန်ခေါ်သည့်အနေဖြင့် ဂမ်ဘီယာနှင့် တရားဝင် ပူးပေါင်းသွားမည် ဖြစ်ကြောင်း ဖေဖော်ဝါရီလ အတွင်းက ပြောကြားခဲ့ပါသည်။ ထိုနိုင်ငံသည် ကုလသမဂ္ဂ၏ အမြင့်ဆုံးခုံရုံး (ICJ) တွင် ၎င်းတို့ကိုကိုယ်စားပြုပြီး အနှိပ်စက်ခံ ရိုဟင်ဂျာတို့အတွက် တရားမျှတမှုကို ရှာဖွေရန် နာမည်ကြီး လူ့အခွင့်အရေး ရှေ့နေအာမဲလ်ကလိုနီ (Amal Cloony) ကို ငှါးရမ်းထားခဲ့ပါသည်။၆၁

# လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကြီးမားသည့် ဘေးအန္တရာယ်

ရိုဟင်ဂျာတို့ရင်ဆိုင်နေကြရသည့် အတိဒုက္ခသည် ကျွန်ပ်တို့ခေတ်၏ လူသားချင်း စာနာထောက်မှုဆိုင်ရာ အကြီးမားဆုံး အကြပ်အတည်းများအနက် တစ်ခုဖြစ်ပါ သည်။ ဒီကနေ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၂၀၁၇ ခု၊ ဩဂုတ်လ (၂၅) ရက်နောက်ပိုင်း ရောက်ရှိလာသူများ အပါအဝင် ရိုဟင်ဂျာ ၁.၂ သန်းခန့် နေထိုင်လျက် ရှိသည်။ ဘင်္ဂလားဒေ့ရှ် အစိုးရနှင့် ပြည်သူများက ရက်ရောစွာ ကြိုဆိုမှုများပြုလုပ်ခဲ့ပြီး၊ သနား ညှာတာမှုနှင့် လူသားချင်း စာနာထောက်ထားသည့်အမူအရာဖြင့် ၎င်းတို့၏ စည်းလုံး ညီညွတ်မှုကို ပြသခဲ့ပါသည်။ သို့သော်လည်း ဒုက္ခသည် တစ်သန်းကျော်သည် ပထ ဝီအနေအထားအရ သေးငယ်သည့်နယ်မြေတစ်ခုအတွင်း ယာယီတဲစခန်းငယ်များ အား မှီဝဲနေထိုင်လျက်ရှိသည်မှာ သုံးနှစ်ကျော်ရှိပြီဖြစ်ပါသည်။ ၎င်းတို့သည် အဆိုပါ တဲစခန်းငယ်များ၌ အခက်အခဲပေါင်းစုံကို ရင်ဆိုင်လျက်ရှိသည်။ ဒုက္ခသည်အမျိုးသ မီးများနှင့် ကလေးငယ်များသည် အထူးပင် အားနွဲ့ကြသူများဖြစ်ပါသည်။ ၎င်းတို့ သည် မကြာခဏဆိုသလိုပင် မိမိအလိုမပါဘဲ အတင်းအကြပ် အိမ်ထောင်ပြုခံရ ခြင်း၊ ညှင်းပန်းနှိပ်စက် ခံရခြင်း၊ ပြန်ပေးဆွဲခံရခြင်း နှင့် လူကုန်ကူးခံရခြင်းတို့ကို ရင် ဆိုင်နေကြရပါသည်။ ၎င်းတို့အား  လူကုန်ကူးသူများ၊ လူဆိုးလူမိုက် ဂိုဏ်းသားများ နှင့် ရာဇဝတ်သားတို့ ရန် မှ အကာအကွယ်ပေးသင့်ပါသည်။ ရိုဟင်ဂျာပြဿနာ၏ အတိမ်အနက်သဘောကို စဉ်းစားပြီး ဘင်္ဂလားဒေ့ရှ်အနေဖြင့် ၎င်းတို့အား "မြန်မာနိုင်ငံမှ အတင်းအဓမ္မ ရွှေ့ပြောင်းခံရသူများ" ၆၂  (forcibly displaced persons from Myanmar) ဟူသော အသုံးအနှုန်းအစား ဒုက္ခသည်အဆင့် အသိအမှတ်ပြုရန် ပြန်လည်စဉ်းစားသင့်သည်။

တဆက်တည်းဖော်ပြရလျှင် ရိုဟင်ဂျာဒုက္ခများသည် စိတ်ဖိစီးမှုဝေဒနာကို ခံစားနေရသည်။ မြန်မာလုံခြုံရေးတပ်သားများနှင့် ဗုဒ္ဓဘာသာဝင် လူရမ်းကားတို့က ၎င်းတို့အား အများပြည်သူ လူသူ မြင်ကွင်း၌ လည်းကောင်း၊ မိသားစုဝင်များ၏  ရှေ့မှောက် တွင် လည်းကောင်း မုဒိမ်းကျင့်ပြီး အရှက်တကွဲဖြစ်စေခဲ့ခြင်းနှင့် စိတ်ဒဏ်ရာများ တိုးမြင့် ရရှိစေခဲ့သည်။ မအေများကို ၎င်းတို့၏ ကလေးသူငယ်များရှေ့တွင် အုပ်စုဖွဲ့၍မုဒိမ်းကျင့်ခြင်း၊ ပြင်းထန်စွာ အနာတရဖြစ်စေမှုများကို မကြာခဏပြုလုပ်ခြင်း၊အချို့သောဖြစ်ရပ်များ၌ သတ်ဖြတ်ခြင်းတို့ကို ကျူးလွန်ခဲ့ပါသည်။ ယင်းကဲ့သို့ အဓမ္မပြုကျင့်ခံနေရသူများအပြင် မုဒိမ်းမှုမှ ရရှိလာသည့် ကလေးများ၊ အဓမ္မပြုကျင့်မှုကြောင့် အမျိုးသမီးများ ကိုယ်ဝန်ဆောင်ခြင်း စသည်တို့သည် နောက်ဆက်တွဲ ပြဿနာများ ဖြစ်ပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဒုက္ခသည်များအား နေရာချပေးထားသော နယ်မြေအတွင်းလူမှုရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုင်ရာ ပြဿနာရပ်များ ရင်ဆိုင်နေရပါသည်။




၂၀၁၇ ခုနှစ်၊ အောက်တိုဘာနှင့် နိုဝင်ဘာလများအတွင်း ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရိုဟင်ဂျာကျေးရွာများ ပျက်စီးခြင်းပြမြေပုံအသစ် © 2017 Human Rights Watch

ထိုကိစ္စနှင့် ဆက်စပ်၍ အိမ်ရှင်ပြည်သူလူထုထံ စာနာစိတ်ကုန်ဆုံးသွားပြီး၊ ဒုက္ခသည်များကို အမြန်ဆုံးနေရပ်ပြန်ပို့ရန် သို့မဟုတ်သတ်မှတ်ထားသည့်ဇရိယာတစ်ခုအတွင်း ခြံခတ်ထားရန် တောင်းဆိုလာကြပါသည်။ ကိုယ်ကျိုးရှာလိုသူ အုပ်စုများက ဒုက္ခသည်များ နှင့် အိမ်ရှင် လူဦးရေတို့ အကြား တင်းမာမှုများ ပိုမိုကြီးထွားလာရေးကိုနောက်က ကြိုးကိုင် တစ်ပိုင်းတစ်စ ကြိုးစားလျက်ရှိနေပါသည်။၆၃

ကော့စဘဇားခရိုင်၊ ကူတူပါလောင်ရှိ ကမ္ဘာ့အကြီးဆုံး ဒုက္ခသည် စခန်းတွင် ၂၀၁၉ ခု၊ ဩဂုတ်လ၂၅ ရက်နေ့ က ၎င်းတို့ မြန်မာနိုင်ငံတွင် ရင်ဆိုင်ခဲ့ကြသည့် လူမျိုးတုံးသတ်ဖြတ်မှု သို့မဟုတ် ၎င်းတို့အား အတင်းအဓမ္မ နှင်ထုတ်ခဲ့မှုနှင့် ပက်သက်၍ ဒုတိယနှစ်မြောက်အောက်မေ့ဘွယ်အခမ်းအနားတစ်ရပ်ကျင်းပရန်နှင့်နိုင်ငံသားအခွင့်အရေး အပြည့်အဝဖြင့် နေရပ် ပြန်နိုင်ရေး အတွက် တောင်းဆိုမှုများ ပြုလုပ်ရန် ရိုဟင်ဂျာ ၂၀၀,၀၀၀ ခန့် စုဝေးပြီး ငြိမ်းချမ်းစွာ စီတန်းလှည့်ကာ ဆန္ဒဖော်ထုတ်ခဲ့ပါသည်။ ထိုစီတန်းလှည့် ချီတက်ပွဲသည် စခန်းပေါင်းစုံ မှ မိမိတို့နေအိမ်ကို လွမ်းသူများ စုပေါင်းကျင်းပခဲ့သည့် ဆုတောင်းပွဲလည်းဖြစ်ပြီး၊ ၎င်းတို့သည် နေအိမ်ပြန်နိုင်ရေး ကို ငိုယိုစွာဖြင့် ဘုရားသခင်ထံမှ အကူအညီတောင်းခံခဲ့ပါသည်။ ကံဆိုးသည်မှာ ဘင်္ဂလားဒေ့ရှ် အာဏာပိုင်အဖွဲ့အစည်းများက ယင်းကဲ့သို့ စိတ်လှုပ်ရှာဖွယ် ဆုတောင်းပွဲကျင်းပသည်ကို မလိုလားသည့်အတွက် လွှဲမှားစွာ အဓိပ္ပာယ်ကောက်ယူခဲ့ပါသည်။ ထိုကိစ္စနှင့်စပ်လျဉ်း၍ ၂၀၁၉ ခု၊ စက်တင်ဘာလ ၉ ရက်နေ့မှစ၍ ဒုက္ခသည်များ သည် တယ်လီဖုန်းနှင့် အင်တာနက်ဝန်ဆောင်မှုများကို ပိတ်ပင်ခံရပြီး၊ ဆက်သွယ်ရေး ဖြတ်တောက်ခြင်းကို ရင်ဆိုင်နေရသဖြင့် မိမိတို့၏မိသားစုဝင်များ၊ လူသားချင်း စာနာမှု အကူအညီပေးသူများနှင့် ပြင်ပလောကအား အဆက်ဖြတ်လိုက်ရပါသည်။ ထို့အပြင် ဘင်္ဂလားဒေ့ရှ် အာဏာပိုင်အဖွဲ့အစည်းများသည် ဒုက္ခသည်တို့၏ လှုပ်ရှားမှုများကို အနီးကပ်စောင့်ကြည့်ရန် ယူဆချက်ဖြင့် ယခု စခန်းများ ပတ်ပတ်လည်တွင် သံဆူး ဝါယာကြိုးများဖြင့် ခြံစည်းရိုးကာလျက်ရှိနေပါသည်။

သို့သော်လည်းဘဲ ရက်မကြာမီက ဘင်္ဂလားဒေ့ရှ်အနေဖြင့်ရိုဟင်ဂျာဒုက္ခသည်ကလေးများအဖို့ ပညာသင်ကြားရေးနှင့် ကျွမ်းကျင်မှု သင်းတန်းများပေးရန် အခွင့်အလမ်းများ ကမ်းလှမ်းခဲ့ပြီး ၎င်းတို့အား အသက် ၁၄ နှစ်အထိ တရားဝင် ပညာသင်ကြားခွင့် ပြုလိုက်ပါသည်။ ယူနီဆက်(UNICEF) နှင့် ဘင်္ဂလားဒေ့ရှ်တို့က ဦးဆောင်၍ခြောက်တန်း မှ ကိုးတန်းအထိ ကနဦး ကျောင်းသားဦးရေ ၁၀,၀၀၀ ပါဝင်မည့် ရှေးပြေးစီမံကန်းတစ်ရပ်ကို စတင် အကောင်အတည်ဖော်သွားမည် ဖြစ်ပါသည်။ ရိုဟင်ဂျာဒုက္ခသည်အားလုံးအတွက် သင့်လျော်သော၊ အသိအမှတ်ပြုထားသော၊ထို့အပြင်အရည်အသွေးရှိသော ပညာရေးကို လက်လှမ်းမီအောင် တိုးချဲ့လုပ်ဆောင် ခြင်းသည် အလွန်အရေးကြီးသည်။ ၂၀၂၀၊ ဇန်နဝါရီလ ၂၈ ရက်နေ့ က ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေး ဝန်ကြီး

ဒေါက်တာ အေကေ အဒူလ်မူမေန် (Dr.AK Abdul Momen) မှ အေအက်ဖ်ပီ(AFP) သတင်းဌာနသို့ "ကျွန်ုပ်တို့ အနေနဲ့ ရိုဟင်ဂျာတို့ရဲ့ ဘ၀ပျက် မျိုးဆက် တစ်ရပ်ကို မလိုလားပါဘူး၊ သူတို့ကို ပညာတွေတတ်စေချင်ပါတယ်၊ သူတို့ဟာ မြန်မာသင်ရိုးညွှန်းတမ်းကို လိုက်ကြမှာပါ" ဟု ပြောကြားခဲ့သည် မှာ အားရစရာကောင်းပါသည်။

# ရိုဟင်ဂျာတို့ အဖို့ နေရပ်ရင်းပြန်ရေးသည် အဓိက

တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် တရားမျှတမှုအပြင် နိုင်ငံသားအခွင့်အရေး အပြည့်အဝ အပါအဝင် အခြေခံ လူ့အခွင့်အရေး ဆိုင်ရာ အကာအကွယ်တို့ အတွက် အာမခံချက် မရှိဘဲ ရိုဟင်ဂျာဒုက္ခသည်များ နေရပ်ရင်းပြန်ရေးသည် လုံးဝ လုံခြုံမှုမရှိပေ။ မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ဒုက္ခသည်များနေရပ်ပြန်ပို့ရေး နှစ်နိုင်ငံသဘောတူ စာချုပ် လက်မှတ်ရေးထိုးသည့် ၂၀၁၇ ခု၊ စက်တင်ဘာ ၂၃ ရက်နေ့မှစ၍ လူ့အခွင့်အရေး အဖွဲ့အစည်းများက ကျေးရွာများ ရာနှင့်ချီ၍ မီးရှို့ဖျက်ဆီးခဲ့ပြီဖြစ်ရာ ဤအဖိနှိပ်ခံလူနည်းစုများ မည်သည့် အရပ်ဒေသ၌ အခြေကျနေထိုင်မည်၊ ၎င်းအပြင် မူဆလင် ဆန့်ကျင်ရေး စိတ်ဓါတ်များ ဤမျှပြင်းပြင်းထန်ထန် လှုံ့ဆော်လျက်ရှိ သည့် နိုင်ငံတစ်ခု၌ ယင်းတို့၏ လုံခြုံရေးကို မည်ကဲ့သို့ အာမခံချက်ပေးမည် စသည့် အချက်များအပါအဝင် ငြိုငွေ့ရှုပ်ထွေးဖွယ်ရာနေရပ်ပြန်ပို့ရေး အစီအစဉ်အပေါ် စိုးရိမ်ပူပန်ကြောင်းထုတ်ဖော် ပြောဆိုခဲ့ကြပါသည်။ အချို့သောလူမှုရေး အကူအညီပေး လုပ်သားများက မတရား အထိန်းသိမ်းခံရမည်ကိုကြောက်ရွံ့ကြပါသည်။ ဝမ်းနည်းစရာကောင်းသည်မှာဒီကနေ့ အထိ မြန်မာနိုင်ငံ တွင် အစိုးရ၊ စစ်တပ် နှင့် နိုင်ငံရေး ခေါင်းဆောင်များက ၎င်းတို့ ရိုဟင်ဂျာအပေါ် ရေရှည်ဆန့်ကျင်သည့်စိတ်ထား အပြောင်းအလဲ ပြသမှုမရှိခြင်း ဖြစ်ပါသည်။ ဘင်္ဂလားဒေ့ရှ် ဝန်ကြီးချုပ် ရှေ့ခ်ဟာဆီနာ (Sheikh Hasina) မှ "မြန်မာနိုင်ငံ အနေ နဲ့ ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာအသိုင်း ရဲ့ ဖိအားပေးမှုကြောင့် ဘင်္ဂလားဒေ့ရှ်နဲ့ နှစ်နိုင်ငံသဘောစာချုပ်ကို လက်မှတ်သာရေးထိုးခဲ့ပေမယ့်၊ ရိုဟင်ဂျာပြဿနာ ဖြေရှင်းရေးကို ခြေလှမ်းနှောင့်နှေးနေကြတယ်" ဟု မှန်မှန်ကန်ကန် ထောက်ပြခဲ့ပါသည်။"၆၅

မည်သို့ပင် ဆိုစေကာမူ ရိုဟင်ဂျာကိစ္စ အဓိက ဦးစားပေးရမည်မှာ ၎င်းတို့ နေရပ်ရင်းပြန်နိုင်ရေး ဖြစ်ပါသည်။ သို့သော် ၎င်းတို့ အနေဖြင့် သွေးထွက် သံယိုမှု နှင့် အကြမ်းဖက်မှုများက စောင့်ဆိုင်းလျက်ရှိပြီး၊ လူမျိုးတုံးသတ်ဖြတ်မှု ဆက်လက်၍ဖြစ်ပွားလျက်ရှိသည့် နေရာဒေသတစ်ခုသို့ ပြန်နိုင်မည်မဟုတ်ပေ။ မြန်မာအစိုးရမှ ၎င်းတို့အနေဖြင့် မိမိဆန္ဒအလျောက် လုံလုံခြုံခြုံ၊ ဂုဏ်သိက္ခာရှိရှိ နှင့် အမြဲတမ်းအတွက် နေရပ်ပြန်နိုင်မည့် အခြေအနေ တစ်စုံတစ်ရာ ဖန်တီးထားကြောင်း အထောက်အထားလုံးဝမရှိပါ။ အခြားတစ်ဖက်မှာ ရိုဟင်ဂျာကျေးရွာများကို အပင်တစ်ပင်တလေမျှ မတ်တပ် ချန်မထားဘဲ ဘူဒိုဇာဖြင့်ထိုး၍ မြေပြင်လုပ်ပစ်ခြင်း၊ ရက်စက်ယုတ်မာမှု ဆိုင်ရာဖြစ်နိုင်ခြေ ရှိ

သည့် သက်သေခံ အထောက်အထားများကို ဖျက်ဆီးပစ်ခြင်း နှင့် ယခင်ရိုဟင်ဂျာတို့ နေထိုင်မှုဆိုင်ရာ သာဓက လက္ခဏာများ ဖျက်ပစ်ခဲ့ခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။ သူတို့ပိုင် မြေယာများကို နိုင်ငံတော်ပိုင်ဆိုင်မှုဟု ကျေညာခဲ့ပြီး ဗုဒ္ဓဘာသာဝင်များအခြေချနေထိုင်မည့် နောက်ထပ် ကျေးရွာအသစ်များ တိုးချဲ့ တည်ဆောက်ရန်နှင့် "လျှို့ဝှက်ဆန်းကြယ်သော အစုရှယ်ယာပိုင် အဖွဲ့အစည်းများ နှင့် ပူးပေါင်း၍ စီးပွားဖုန်များ ထူထောင်ရန်"၆၆ အမှတ်သားများ ပြသထားလျက် ရှိပါသည်။



အသက်ဘေးလုံခြုံရေးအတွက် ဘင်္ဂလားဒေ့ရှ်သို့ ထွက်ပြေးလာနေစဉ် နတ်မြစ် ဖြစ်ကူးရင်း ဇီဝိန်ချွေနေသည့်ရင်သွေးကိုဖက်၍ မချိတင်ကဲ ငိုကြွေးနေသည် ဖခင်တဦး

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလမှ စ၍ အာရကန်တွင် မြန်မာ စစ်တပ် နှင့် ရက္ခိုင့်တပ်တော် (Arakan Army–AA) တို့အကြား တိုက်ပွဲများ ဆက်တိုက် ဖြစ်ပွားလျက်ရှိသည်။ ရက္ခိုင့်တပ်တော်ကို ၂၀၀၉ ခုနှစ်တွင် တည်တောင်ခဲ့ခြင်းဖြစ်ပြီး၊ အာရကန်အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပိုမိုရရှိစေရန် (Greater Autonomy) ကြိုးပမ်းနေကြခြင်း ဖြစ်ပါသည်။ ထိုတိုက်ပွဲများတွင် မြန်မာလုံခြုံရေးတပ်ဖွဲ့ဝင်များက လူနေကျေးရွာများကို လက်နက်ကြီးများဖြင့် ပစ်ခတ်ပြီး ကျောင်းသားများပါမကျန် အရပ်သားများကို ပစ်သတ်ခြင်း၊ စားနပ်ရိက္ခာများ ဖြန့်ဖြူးခြင်းကို ပိတ်ဆို့ထားခြင်း၊အရပ်သားများအား မတရားဖမ်းဆီးချုပ်နှောင်ထားခြင်းနှင့် ထောင်နှင့်သောင်းနှင့်ချီသော ဗုဒ္ဓဘာသာဝင် နှင့် မူဆလင်ရွာသားများကို ပြည်တွင်း ရွှေ့ပြောင်းစေခြင်း တို့ကို ပြုလုပ်လျက် ရှိပါ သည်။ "ရခိုင်ပြည်နယ်အစိုးရ အကြီးတန်း အရာရှိတစ်ဦးက ပြောကြားခဲ့သည်မှာ - တပ်မတော်ရဲ့ ကြည်လင်ပြတ်သားတဲ့ သတင်းစကားကတော့ သူတို့ဟာ ICJ အမိန့် ကို လက်မခံဘူး - ဟူ၍ ဖြစ်ပါသည်။"၆၇ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးမှ ထို တိုက်ခိုက်မှုများကို စစ်ရာဇဝတ်မှုအဖြစ် ပြစ်တင်ရှုတ်ချခဲ့သည်။

# ရိုဟင်ဂျာပြဿနာကို ဖြေရှင်းခြင်း

(က) ရိုဟင်ဂျာ ပြဿနာကို အဓိက မြန်မာပြည်တွင်း၌သာ ဦးစွာ ဖြေရှင်းရမည် ဖြစ်ပါသည်။ စစ်မှန်ပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် ဖြေရှင်းချက်တစ်ရပ် အတွက် မြန်မာအစိုးရအနေဖြင့် ရိုဟင်ဂျာဟူသည့် လူမျိုးစုအမည်နှင့် ယင်းတို့၏ နိုင်ငံသား အခွင့်အရေး အပြည့်အဝကို ပြန်လည် အသိအမှတ် ပြုရန် မရှိမဖြစ် လိုအပ်ပါသည်။ ဒုက္ခသည်အားလုံးကို ကုလသမဂ္ဂနှင့် နိုင်ငံတကာအသိုင်းအဝိုင်းတို့၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံအတွင်း အခြား ရွှေ့ပြောင်းထားသည့် ဒေသသစ်တစ်ခုခုသို့ မဟုတ်ဘဲ ၎င်းတို့၏ မူလနေရပ်ရင်း ကျေးရွာများ(သို့)နေရာများတွင် ခြွင်းချက်မရှိဘဲပြန်လည်ပို့ဆောင်ရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့်ဒီမိုကရေစီဖြစ်စဉ်တွင်အားလုံးကိုပါဝင်ခွင့် ပြုပြီး ရိုဟင်ဂျာတို့ကိုလည်း ၎င်းဖြစ်စဉ်၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်စေရမည်။ ၎င်းတို့သည် အာရကန်တွင် တန်းတူ အခွင့်အရေးများနှင့်အတူ ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင်နိုင်ရန် လိုအပ်သကဲ့သို့ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းရှိ အခြား လူမျိုးစုများ နည်းတူ တန်းတူရည်တူ'စုပေါင်းအခွင့်အရေး'(collective rights) များရရှိသင့်ပါသည်။ အစိုးရမှ လူမျိုးဘာသာခွဲခြားမှုစနစ်ကို ချက်ချင်းဖျက်သိမ်းပြီး ရိုဟင်ဂျာနှင့် ရခိုင်လူမျိုးစုနှစ်ခုအကြား ပြန်လည်သင့်မြတ်ရေးနှင့်ရင်ကြားစေ့ရေးကို မြှင့်တင်ရေး၊ ထို့ပြင် ရခိုင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေး ပြန်လည် ဖော်ဆောင်ပြီး တင်းမာမှုများ လျှော့ချရေးတို့ အတွက် စစ်မှန်သည့် တွေ့ဆုံ ဆွေးနွေးပွဲများ ကို အကောင်အထည်ဖော်ရန် ရိုးသားစွာ ကူညီပံ့ပိုးသင့်ပါသည်။

(ခ) ရိုဟင်ဂျာပြဿနာ၏ အခြေခံ အကြောင်းရင်းများ၊၎င်းတို့၏ အသက်၊အိုးအိမ်၊ ဥစ္စာစည်းစိမ်၊ ဂုဏ်သိက္ခာနှင့် ဂုဏ်ရည်တို့၏ လုံခြုံရေး၊ နိုင်ငံမဲ့မှုနှင့် ဒုက္ခသည်ဘဝစဉ် ပြဿနာရပ်များအပြင် ၎င်းတို့အား ရွှေ့ ပြောင်းနေထိုင်စေမှုနှင့် ဘေးဖယ်ထားမှုတို့ကို ထိရောက်စွာ ကိုင်တွယ် ဖြေရှင်းရန် လိုအပ် ပါသည်။ ၎င်းအပြင် စားနပ်ရိက္ခာဖူလုံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး၊ ဘာသာတရား နှင့် ယဉ်ကျေးမှုတို့ကို အလေးအမြတ်ထားရှိရေး၊ လွတ်လပ်စွာ သွားလာလှုပ်ရှားခွင့်၊ ကိုးကွယ်မှု၊ နိုင်ငံရေးတွင် တန်းတူပါဝင်ခွင့်၊ လယ်ယာမြေနှင့် အခြားဥစ္စာစည်းစိမ်များ ပိုင်ဆိုင်ခွင့်၊ စာသင်ကျောင်းနှင့် အဆင့်မြင့်ပညာရပ်တို့ကို အဟန့်အတားမရှိဘဲ သင်ကြားနိုင်ရေး၊ အလုပ်အကိုင်နှင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်း များနှင့် အတားအဆီးမဲ့ အိမ်ထောင်ပြုပြီး မိသားစုများရှိရေး စသည်တို့ သည် ကိုင်တွယ်ဖြေရှင်းရမည့် အဓိက အချက်အလက် အချို့ဖြစ်ပါသည်။

(ဂ) ဤအတောအတွင်း နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့်အောက်ပါလုပ်ငန်းစဉ်များကို အချိန်မဆိုင်းဘဲ အရေးတယူ ဆောင်ရွက်မှုများပြုလုပ်ရန် ကျယ်ကျယ်ပြန့်ပြန့် လိုအပ်ပါသည်။

(၁) မြန်မာနိုင်ငံနှင့် ၎င်း၏ အဓိက မဟာမိတ်များဖြစ်သော တရုတ် နှင့် ရုရှားနိုင်ငံတို့အပေါ် ထိရောက်စွာ ဖိအားပေးမှုများကို တိုး မြှင့်လုပ်ဆောင်ရန်။

(၂) ရိုဟင်ဂျာတို့အပေါ် ဖိနှိပ်ညှဉ်းပန်းခြင်းသည် ဒေသဆိုင်ရာနှင့်ကမ္ဘာလုံးဆိုင်ရာ ပြဿနာဖြစ်ပြီး အာဆီယံအဖွဲ့ဝင် နိုင်ငံများအနေဖြင့် ရိုဟင်ဂျာပြဿနာကို ဒေသအတွင်း အဖြေရှာ၍ ဖြေရှင်း သင့်ပါသည်။ အာဆီယံအဖွဲ့ဝင် နိုင်ငံများသည် ဒေသအတွင်း တည်ငြိမ်ရေး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့ကို တိုးမြှင့်ရန်အလို့ငှါ မိမိတို့၏ စီးပွါးရေးအကျိုးအမြတ်ထက် ရိုဟင်ဂျာတို့၏ လူ့အခွင့်အရေးကိစ္စကို ပိုမိုဦးစားပေးသင့်သည်။

(၃) ရိုဟင်ဂျာတို့၏ လူ့အခွင့်အရေးကိစ္စ ထောက်ခံကြောင်းနှင့် ၎င်းတို့သည် မြန်မာနိုင်ငံ၏ လူနည်းစုတစ်ရပ်ဖြစ်ကြောင်းကို တရားဝင်အသိအမှတ်ပြုရမည်၊ ထို့အတူ မြန်မာနိုင်ငံ အတွင်းရှိ အခြား တိုင်းရင်းသား လူမျိုးစုများ နည်းတူ ၎င်းတို့၏ နိုင်ငံသားအခွင့်အရေး အပြည့်အဝကို ပြန်လည်သတ်မှတ်ပြီး ၎င်းတို့၏ လူမျိုးစုအမည်ကို ရိုဟင်ဂျာဟူ၍သာ ခေါ်ဝေါ်သုံးစွဲရမည်။ နိုင်ငံသား စိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (National Verification Card – NVC) ဆိုင်ရာလုပ်ငန်းစဉ် အရပ်ရပ်ကို လုံးဝရုတ်သိမ်းရမည်။ ထိုကတ်ပြားသည် ဒုက္ခသည်များ နေရပ်ပြန်ရန် ပြဿနာကို ပြေလည်စေမည့် ဖြေရှင်းချက်တစ်ရပ် မဟုတ်ဘဲ၊ နိုင်ငံသားဖြစ်မှု အတွက် နည်းလမ်းလည်းမဟုတ်ပေ။ ခွဲခြားဆက်ဆံရေးအပေါ် အခြေခံသည့် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဖြစ်မှုဥပဒေကို နိုင်ငံ တကာ လူ့အခွင့်အရေး ဥပဒေသများနှင့် နိုင်ငံသားဖြစ်မှု စံချိန်စံညွှန်းအတိုင်း ပြင်ဆင်မှုများပြုလုပ်ရန် အလွန်အရေးကြီးသည်။

(၄) ရိုဟင်ဂျာတို့အား အကာအကွယ်ပေးရန် တောင်းဆိုမှုကြောင့် အပြည်ပြည်ဆိုင်ရာ တရားရုံးမှချမှတ်ခဲ့သည့် အရေးပေါ် ကြားဖြတ် အစီအမံများကို တိတိကျကျနှင့် မဖြစ်မနေ နာခံမည့်အကြောင်း အာမခံချက်ပေးရန်။

(၅) ရိုဟင်ဂျာတို့အပေါ် ကျူးလွန်ခဲ့သည့် ပြစ်မှုများကို မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ၏ လွတ်လပ်စွာ အချက်အလက်ရှာဖွေရေးမစ်ရှင်မှ ဖော်ပြခဲ့သည့်အတိုင်း လူမျိုးတုံးသတ်ဖြတ်မှု၊ လူသား မျိုးနွယ်အပေါ် ကျူးလွန်သည့် ပြစ်မှုများနှင့် စစ်ရာဇဝတ်မှုများဟူ ၍ လက်ခံအတည်ပြုပေးရန်။

(၆) ရာဇဝတ်မှု ကျူးလွန်ခံရသူများ အနေဖြင့် တရားမျှတမှု ရှိကြောင်း မြင်မိစေရန် နှင့် အကြမ်းဖက်မှု သံသရာ ထပ်တလဲလဲ မဖြစ်ပွားစေရန် တာဝန်ခံမှု အတွက် ယုံကြည်စိတ်ချရသည့် ကြိုး ပမ်းနေမှု များကို ထောက်ခံအားပေးရန်။ ပြစ်မှုကျူးလွန်သူ အားလုံးကို တရားခွင်သို့ ယူဆောင်လာရမည်။ ထိုအထဲတွင် မြန်မာနိုင်ငံ၏ အခြေအနေကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးနှင့် အခြားနိုင်ငံ တကာခုံရုံးများသို့ လွှဲပြောင်းပေးရန်လည်းပါဝင်သည်။ ဤကဲ့သို့ ရက်စက်ကြမ်း ကြုတ်သောလုပ်ရပ်များကို သည်းညည်းခံရန် အ ဆင်သင့်မရှိကြောင်း ကမ္ဘာကြီးက ပြသရန်လိုအပ်ပါသည်။

(၇) မြန်မာအစိုးရနှင့် ၎င်း၏စစ်တပ်ကို ပစ်မှတ်ထား၍ ပိတ်ဆို့အရေးယူမှုများ ပြုလုပ်ခြင်းကို ခိုင်မာစေရန်။ ယခုအချိန်သည် အမှတ်အသားဆိုင်ရာ ပိတ်ဆို့မှုကို ကျော်လွှားပြီး မြန်မာစစ်တပ်၏ ခိုင်မာသည့် အကျိုးစီးပွားကို ပစ်မှတ်ထား၍ သို့မဟုတ် တိုးမြှင့်၍ ပိတ်ဆို့အရေးယူမှုများပြုလုပ်ရမည့်အချိန်ဖြစ်ပါသည်။ကုန်သွယ်ရေး ဦးစားပေးမှု ကို လူ့အခွင့်အရေးအပြင် ရိုဟင်ဂျာတို့ အပေါ် ထိခိုက် နစ်နာစေခဲ့သည့် အခြေအနေများ သိသိသာသာ တိုးတက် ပြောင်းလဲလာကြောင်း တွေ့မြင်ရန် အနေအထားအပေါ် ပြတ်သားစွာ ဆက်နွယ်ထားရမည်။

(၈) ဒုက္ခသည်များ ငြိမ်းချမ်းစွာ နေရပ်ရင်းပြန်ပို့ခြင်းလုပ်ငန်း လွယ်ကူချောမွေ့စေရေး၊ ရိုဟင်ဂျာ တို့အား မြန်မာနိုင်ငံ အတွင်း အကာအကွယ် ပေးရေး နှင့် အနာဂတ်တွင် ဖြစ်ပေါ်လာမည့် အကြမ်းဖက်မှုကိုတားဆီးရေးထို့နောက် ရခိုင်၊ ရိုဟင်ဂျာတို့ အကြား၌လည်းကောင်း အခြားတိုင်းရင်းသား လူမျိုးစုများ အားလုံး နှင့်လည်းကောင်း ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင်ခြင်း ကို တည်ဆောက်ရေး အစရှိသည့် ကိစ္စရပ်များအတွက် နိုင်ငံတကာ အသိုင်းအဝိုင်း၏ ကြီးကြပ်မှုအောက်၌ လွတ်လပ်သည့် တည်ငြိမ်ရေး အင်အားစု တစ်ရပ် ထူထောင်းရန် ကြိုးပမ်းနေခြင်း အားထောက်ခံအားပေးရန်။ ယင်းကဲ့သို့ အင်အားစုတစ်ရပ်ရှိ နေခြင်းသည် အကြမ်းဖက်ခံရပြီး စိတ်ဖိစီးမှု ဝေဒနာခံစားနေကြသည့် ဒုက္ခသည်များအဖို့ ယုံကြည်မှုတည်ဆောက်ရာတွင် ကူညီ ရာရောက်မည်။

(၉) ရိုဟင်ဂျာတို့အား အနာဂတ် နေရပ်ပြန်ပို့ရေး အားထုတ်မှုဆိုင်ရာ အချက်အလက်များ တစ်ခုလုံးတွင် ၎င်းတို့၏ လိုအင်ဆန္ဒများကို ရောင်ပြန်ဟပ်စေရန် ဆုံးဖြတ်ချက်ချမှတ်ရာ၌ ၎င်းတို့အား တိုက်ရိုက်ဆွေးနွေးခွင့်၊ ကိုယ်တိုင် ပါဝင်ခွင့် နှင့် ပတ်သက်ခွင့်များပေး ရန်လိုပါသည်။

(၁၀) ဘင်္ဂလားဒေ့ရှ်အတွင်းရှိ ဒုက္ခသည်စခန်းများတွင် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် စိတ်ဝေဒနာ ခံစားနေရသူများ အထူးသဖြင့် ကလေးသူငယ်များ နှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသူများ ကို ချိန်ရွယ်ပြီး ပြန်လည်နလံထူလာရေး အစီအစဉ်များ အပါအဝင် မျှော်လင့်ချက်ကင်းမဲ့နေသည့်သူများအား ပညာရေး၊ လုံခြုံရေး၊ လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုများနှင့် လိုအပ်နေသူများကို အထောက်အပံ့များ တိုးမြှင့်ပေးရန်။

(၁၁) ဒုက္ခသည်များအတွက် အစားအစာ၊သောက်သုံးရေ၊နေရာထိုင်ခင်း၊ သန့်ရှင်းရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ အသုံးစရိတ်များ ကာမိစေရန် ဘင်္ဂလားဒေ့ရှ်အစိုးရအား ထောက်ပံ့ရန် နှင့် ကုလသမဂ္ဂ ပူးတွဲတုံ့ပြန်မှု အစီအစဉ်၌ ရန်ပုံငွေ အပြည့်အဝ ပေးဆောင်သွားရန်။

(၁၂) ရိုဟင်ဂျာတို့အပေါ် ချမှတ်ထားသော ချုပ်ချယ်မှုများ၊ ဖိနှိပ်ညှဥ်းပန်းမှုများ နှင့် အောက်တန်းကျကျ စုပြုံနေထိုင်စေခြင်း အားလုံးကို အသုံးသတ်ရမည်၊

၂၀၁၂ ခုနှစ် လူမျိုးတုံးသတ်ဖြတ်မှုကို စတင်ခဲ့သည့်အချိန်မှစ၍ စစ်တွေနှင့် အာရကန် တောင်ပိုင်းရှိ မြို့နယ်များတွင် အသားအရောင်ခွဲခြားမှု ချွေးတပ်စခန်းနည်းတူ စခန်း များ၌ ပိတ်လှောင် ထားသည့် ရိုဟင်ဂျာ အားလုံးကို ၎င်းတို့ ယခင် တည်ရှိခဲ့သော ၎င်းတို့ စည်းစိမ်များ ပါဝင်သည့် မူလနေရင်း ဒေသများသို့ ပြန်လည်နေရာချထားရေး နှင့် ပြန်လည်ပေါင်းစည်းခြင်းတို့ကို ဆောင်ရွက်ပေးရန်။

(၁၃) မြန်မာအစိုးရအနေဖြင့် လိုအပ်နေသူအားလုံးသို့ လူသားချင်းစာနာ ထောက်ထားသည့် အကူအညီများ အတားအဆီးမရှိ ခွင့်ပြုရမည်။ ထို့အပြင် နိုင်ငံ တကာ သတင်းမီဒီယာများ၊ လေ့လာသူများနှင့် လူ့အခွင့်အရေးအဖွဲ့အစည်းများကို အာရကန်မြောက် ပိုင်းသို့ လွတ်လပ်စွာ သွားလာခွင့်ပြုရမည်။

# နိဂုံး

ရိုဟင်ဂျာပြဿနာသည် ကမ္ဘာပေါ်တွင် အချိန်ကြာမြင့်စွာ ကြုံတွေ့နေရသည့်ပြဿနာ ရပ်များအနက် တစ်ခုဖြစ်ပါသည်။ ၎င်းတို့အပေါ် ပြုလုပ်သည့် ဖိနှိပ် ညှဉ်းပန်းမှုများ သည် အလွန်ဆိုးရွားသည့် နလုံးသား ကင်းမဲ့မှုပင်ဖြစ်ပြီး မပြောပြနိုင်လောက်အောင် အောချဘွယ်ဖြစ်ပါသည်။ ရိုဟင်ဂျာတို့သည် မည်သည့်လူသားမျှ မခံမရပ်နိုင်သော အ ရာများကို ကြံ့ကြံ့ခံခဲ့ကြပါသည်။ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ဤကဲသို့ သော လုပ်ရပ်အပေါ် နောက်ထပ်တစ်ကြိမ် အညှံ့မခံရန်လိုပါသည်။ မည်သို့ပင်ဆို စေကာမူ ဤပြဿနာ ပြေလည်ရေးသည် အဓိကအားဖြင့် မြန်မာအစိုးရ အရာရှိများ အပေါ် ဦး စွာမူတည်သည်။ သို့ရာတွင် မကြာသေးမီ နှစ်များအတွင်း ရိုဟင်ဂျာတို့နှင့် ပက်သက် ၍ အပြုသဘောဆောင်သည့် မည်သည့်အပြောင်းအလဲမျှမရှိဘဲ ယင်းတို့၏ ဖြစ်တည် မှုအပေါ် ခြိမ်းခြောက်မှုများ ဆက်လက်၍ ရင်ဆိုင်နေရပါသည်။ ဤကဲ့သို့ ဝမ်းနည်း ဘွယ်ရာအခြေအနေများကို အဆုံးသတ်ရန်လိုသည်။ ရိုဟင်ဂျာလူထုအနေဖြင့် ၎င်းတို့ ၏ အမိမြေသို့ မိမိ ဆန္ဒ အလျောက်၊ လုံလုံခြုံခြုံ၊ ဂုဏ်သိက္ခာရှိရှိ နှင့် အပြီးအပိုင် ပြန် နိုင်ရေးအတွက် မြန်မာအစိုးရ အနေဖြင့် သင့်တော်လျော်ပတ်သည့် အခြေအနေကို ဖန်တီးပေးရန် လိုအပ်ပါသည်။ အမှန်စင်စစ် ရိုဟင်ဂျာ လူမျိုးစုတို့သည် မြန်မာနိုင်ငံ အတွင်းရှိ အခြားတိုင်းရင်းသား လူမျိုးစုများနှင့် တန်းတူရည်တူ အခွင့်အရေးအားလုံး ကို ခံစားပိုင်ခွင့်ရှိပါသည်။ နိုင်ငံတကာ အသိုင်းအဝိုင်း အနေဖြင့်လည်း ဤလူများ အ ပေါ် ရက်စက်ယုတ်မာသည့် အန္တရာယ်များ နောက်ထပ်ကျ ရောက်မလာနိုင်အောင် အကာအကွယ်ပေးရန် တာဝန်တစ်ရပ် ရှိပါသည်။ လက်ရှိတွင် လုံခြုံမှု ကင်းမဲ့သော အခြေအနေများ၌ ဘင်္ဂလားဒေ့ရှ်နှင့် အခြားဒေသများမှ ရိုဟင်ဂျာ ဒုက္ခသည်များကို မြန်မာနိုင်ငံသို့ ပြန်ပို့ခြင်းသည် ၎င်းတို့အပေါ် နောက်ထပ် ရာဇဝတ်မှုများ ထပ်မံ ကျူး လွန်ခံရမည့် အန္တရာယ်ထဲသို့ ထိုးထည့်ထားသည့်ပမာ ဖြစ်လာပေလိမ့်မည်။

# အကိုးအကားစာရင်း


၁ Throughout this article, the name 'Burma' and 'Arakan' will be used except whenquoting other writers or public documents where 'Myanmar' and 'Rakhine State' are used.

၂ Nurul Islam,"Rohingya: The descendants of ancient Arakan",Dhaka Tribune, October12, 2020, https://www.dhakatribune.com/magazine/weekend-tribune/2017/10/12/rohingya-descendants-ancient-arakan?(accessed May 12, 2020).

၃ Office of the United Nations High Commissioner for Human Rights, "Report of the detailed findings of the Independent Fact-Finding Mission on Myanmar" -A/HRC/39/CRP.2, Geneva, Switzerland, September 18, 2018, https://www.ohchr.org/en/hrbodies/hrc/myanmarffm/pages/index.aspx> (accessed December 19, 2019).

၄ Nic Dunlop, "Camps Bring Further Danger to Rohingya Muslims Fleeing Potential Genocide in Burma",Newsweek, October 26,2014, https://www.newsweek.com/2014/10/31/enforced-confinement-brings-further-danger-rohingya-muslims-fleeing-potential-279665.html> (accessed April 20, 2020).

၅ Nurul Islam, "Rohingya and Nationality Status in Myanmar", in Citizenship in Myanmar: Ways of Being in and from Burma, (ed) Ashley South and Marie Lall, (Chiang Mai,Thailand: Chiang Mai University Press, 2018),267.

၆ Bangladesh Institute of Law and International Affairs, "Arakan in Historical Perspective",(Monthly Bulletin of the Bangladesh Institute of Law and International Affairs, Dhaka, Bangladesh, 1978) Vol 1, no.4.

၇ AFK Jilani, the Rohingyas of Arakan: Their quest for justice (Taj Library, Chittagong, Bangladesh, 1999), 144.

၈ Helal Uddin Ahmed, "A historical overview of the Rohingya Crisis"Dhaka Tribune, July 27, 2019,https://www.dhakatribune.com/opinion/longform/ 2019/07/27/a-historical-overview-of-the-rohingya-crisis>accessed April 24, 2020).

၉ AFK Jilani, The Rohingyas of Arakan: Their quest for justice,174.

၁၀ AFK Jilani, Human Rights Violations in Arakan (Chittagong, Bangladesh: Taj Library, 2002), 38.

၁၁ Imtiyaz Ahmed, "Protected Statelessness in the Age of Globalization",

presented at the Forgotten Kingdom of Arakan workshop, First Hotel, Bangkok, Thailand,November 23-24, 2005.

၁၂ Human Rights Watch, “Burmese Refugees in Bangladesh: Still no Durable Solution”, (Vol.12, no 3C , Human Rights Watch, New York, United States, 2000),https://www.hrw.org/report/2000/05/01/burmese-refugees-bangladesh/still-no-durable-solution> (accessed January 27, 2020).

၁၃ Chris Lewa, “North Arakan: an open prison for the Rohingya in Burma”,Forced Migration Review,32, (2009): 11-13,https://refugeeresearch.net/rrn_node/north-arakan-an-open-prison-for-the-rohingya-in-burma/> (accessed December 30, 2019).

၁၄ Human Rights Watch, “Burmese Refugees in Bangladesh: Still no Durable Solution.”(Volume 12, Issue 3 of Human Rights Watch report, New York, United States,2000),https://www.hrw.org/reports/2000/burma/index.htm> (accessed December 30, 2019).

၁၅ Nurul Islam, “Rohingya and Nationality Status in Myanmar”, in Citizenship in Myanmar: Ways of Being in and from Burma,p.270.

၁၆ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရန်ကုန်မှ ၁၉၆၀ ပြည့်နှစ် ပုံနှိပ်ထုတ်ဝေသည်။

၁၇ ဗိုလ်တထောင် နေ့စဉ်သတင်းစာ (မြန်မာ)၊ ဖေဖော်ဝါရီ (၂၃)၊ ၁၉၇၃ ခု၊ ရန်ကုန်၌ ထုတ်ဝေသည်။

၁၈ Nurul Islam, “Rohingya and Nationality Status in Myanmar”,in Citizenship in Myanmar: Ways of Being in and from Burma,p. 268.

၁၉ Yen Saning, “Chin Group Says Burma Census Ethnicity Question Caused Confusion”The Irrawaddy,May 9, 2014,https://www.irrawaddy.com/news/burma/chin-group-says-burma-census-ethnicity-question-caused-confusion.html> (accessed December 31, 2019).

၂၀ (ဗိုလ်ချုပ်ကြီးနေဝင်း၏ မိန့်ခွန်း) အောက်တိုဘာ (၉) ရက်၊ ၁၉၈၂ ခုနှစ် ထုတ် လုပ်သား ပြည်သူ့နေ့စဉ် သတင်းစာ၊ ရန်ကုန်

၂၁ Interview with Dr. Aye Kyaw, “An Historian Looks at Rohingya,” The Irrawaddy, October 7, 2009, https://www2.irrawaddy.com/article.php?art_id= 16946 (accessed November 12, 2019); Abid Bahar, Burma’s Missing Dots: The Emerging Face of Genocide (US: Xlibris Corporation, 2010), 120.

၂၂ UN General Assembly, Persecution and Discrimination, 19 November 1946, A/RES/103, https://www.refworld.org/docid/3b00f08727.html>

(accessed  April 8,  2020).

၂၃ Kitty McKinsey “Myanmar: UNHCR promotes first significant steps towards citizenship for disenfranchised minority”, July 23, 2007, https://www.unhcr.org/en-my/news/latest/2007/7/46a4c9f82/myanmar-unhcr-promotes-first-significant-steps-towards-citizenship-disenfranchised.html> (accessed May 31, 2020).

၂၄ Nurul Islam, “Rohingya and Nationality Status in Myanmar”, in Citizenship in Myanmar: Ways of Being in and from Burma, p.267.

၂၅ Yanghee Lee, “Myanmar’s Policies of Persecution towards Rohingya as a Classic Genocide”, presented at the International Conference on Protection of Rohingya Survivors and Accountability for Genocide held in Seoul,August 23, 2019.

၂၆ Testimony of the President of Genocide Watch Dr Gregory H. Staton “Persecution, Forced Displacement, and Genocide of Rohingya, Kachin, Shan, Karen and other minorities of Myanmar”  to the Parliament of People’s Tribunal, Kuala Lumpur, Malaysia, September 18, 2017, https://www.genocidewatch.com/single-post/2017/09/18/Persecution-Forced-Displacement-and-Genocide-of-Rohingya-Kachin-Shan-Karen-and-other-minorities-of-Myanmar> (accessed October 6, 2019).

၂၇ See, Aljazeera, Hereward Holland, “Facebook in Myanmar: Amplifying hate speech”, 14 June 2014.

၂၈ Patrick Barta, “U.S. Ambassador in Myanmar Speaks out on Rohingya” The Wall Street Journal, August 24, 2012, https://blogs.wsj.com/indonesiareal-time/ 2012/08/24/u-s-ambassador-in-myanmar-speaks-out-on-rohingya/ (accessed November 30, 2019).

၂၉ See, Argelyn Adlawon,  “Documenting Atrocity Crimes Committed Against the Rohingya in Myanmar’s Rakhine State”, (Amsterdam Law Form, February 21, 2019)13. https://www.publicinternationallawandpolicygroup.org/rohingya-report> (accessed March 12, 2019).

၃၀ Chris Lewa, “North Arakan: an open prison for the Rohingya in Burma”.

၃၁ Powderly, J.C.; Schabas, W.A.; Prud’homme, N. “Crimes Against Humanity in Western Burma: The Situation of the Rohingyas” (Irish Centre for Human Rights/ Irish Department of Foreign Affairs, 2010) 75.

၃၂ Mushfique Wadud, “Universities take up Rohingya cause, call for

research" University World News, October 6, 2017. https://www.university-worldnews.com/post.php?story=20171006115538823> (accessed December 4, 2019).

၃၃ Chris Lewa, "North Arakan: an open prison for the Rohingya in Burma".

၃၄ Fortify Rights, "Policy of Persecution: Ending Abusive State Policy Against Rohingya Muslims in Myanmar",(February 2014) 32. https://www.fortifyrights.org/downloads/Policies_of_Persecution_Feb_25_Fortify_Rig hts.pdf> (accessed November 12, 2019).

၃၅ Larry Jagan, "UN examines mistreatment of Muslims in Myanmar",The National, February 23, 2010, https://www.thenational.ae/world/asia/un-examines-mistreatment-of-muslims-in-myanmar-1.544056> (accessed November 4, 2019).

၃၆ Simon Lewis , "Mass graves of suspected trafficking victims found in Malaysia", The Guardian, May 24,2015, https://www.theguardian.com/world/2015/may/24/mass-graves-trafficking-malaysia-perlis>(accessed September 11, 2019).

၃၇ Jonah Fisher "Burmese Refugees Sold on by Thai Officials", BBC, January 21, 2013, https://www.bbc.com/news/world-asia-21115728>> (accessed December 10, 2019).

၃၈ Aljazeera,"Rohingya refugees continue to risk lives to seek safety: UNHCR", October 10, 2019,https://www.aljazeera.com/news/2019/10/rohingya-refugees-continue-risk-lives-seek-safety-unhcr-191001075311416.html>> (accessed December 18, 2019).

၃၉ Amnesty International, "Rohingya refugees stranded at sea show urgent need for regional response,"April 22, 2020, https://www.amnesty.org/en/latest/news/2020/04/bangladesh-urgent-response-needed-for-rohingya-refugees-stranded-at-sea/>>(accessed May 21, 2020).

၄၀ Richard Potter and Kyaw Win, "National Verification Cards – A barrier to Rohingya repatriation,"( London, United Kingdom, 2019),10, http://www.bhrn.org.uk/en/report/1090-national-verification-cards-a-barrier-to-rohingya-repatriation-full-report.html>>(accessed October 17, 2019).

၄၁ Richard C. Paddock, "Aung San Suu Kyi Asks U.S. Not to Refer to 'Rohingya," The New York Times, May 6, 2016, https://www.nytimes.com/2016/05/07/world/asia/myanmar-rohingya-aung-san-suu-kyi.html> (accessed October 15, 2019).

၄၂ David Cameron, “For the Record”, (Canada: Hopper Collins Publisher, 2009),492.

၄၃ အောင်ဇော်၏ “တိုင်းရင်းမွတ်စလင်(မ) စာပြုစာဆိုပုဂ္ဂိုလ်ကျော်များ” ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ အစ္စလာမ်သာသ နာရေးရာကောင်စီ၊ ရန်ကုန်မှ ထုတ်ဝေခဲ့သည် “အစ္စလာမ်မဂ္ဂဇင်း (မြန်မာ)၊ တွဲ -၂၊ စာစောင် - ၆၀ (၂၀၀၈)၊ ၁၈၈ (ပူးတွဲ-၁) ၆၄။

၄၄ Aljazeera, “Army’s rape of Rohingya women sweeping, methodical: AP, ”December 11, 2017, https://www.aljazeera.com/news/2017/12/rape-rohingya-women-sweeping-methodical-ap-171211063236832.html> (accessed November 21, 2019).

၄၅ AFP, “Myanmar troops gang-raped Rohingya women and girls: Human Rights Watch.” November 16, 2017,

၄၆ https://www.nst.com.my/world/2017/11/303976/myanmar-troops-gang-raped-rohingya-women-and-girls-human-rights-watch> (accessed November 11, 2019).

၄၇ See, Nurul Islam, “Du Chee Yar Tan Massacre”, Kaladan Press Network, February 15, 2014, https://www.kaladanpress.org/index.php/commentary/106-kpn/4452-du-chee-yar-tan-massacre.html (accessed November 12, 2019); Oliver Holmes, “Massacre at Tula Toli: Rohingya Recall Horror of Myanmar Army Attack”, The Guardian, September 7, 2017, https://www. theguardian.com/world/2017/sep/07/massacre-at-tula-toli-rohingya-villagers-recall-horror-of-myanmar-army-attack (accessed February 13, 2019); Kaladan Press Network, “The Killing Fields of Alethankyaw” (Chittagong, Bangladesh: Kaladan Press Network, 2018), 15; Foster Klug, “AP Finds Evidence for Graves, Rohingya Massacre in Myanmar,” AP News, February 2, 2018, https://apnews.com/ef46719c5d1d4bf98cfefcc4031a5434/AP-finds-evidence-for-graves,-Rohingya-massacre-in-Myanmar (accessed March 12, 2020).

၄၈ BBC, “Rohingya Crisis: Myanmar Army Admits Killing,” January 10, 2018, https://www.bbc.com/news/world-asia-42639418 (accessed January 12, 2020)

၄၉ Foster Klug, “AP Finds Evidence for Graves, Rohingya Massacre in Myanmar”, February 2, 2018, https://apnews.com/ef46719c5d1d4bf98cfefcc 4031a5434/AP-finds-evidence-for-graves,-Rohingya-massacre-in-Myanmar (accessed January 13, 2019).

၅၀ Bangkok Post, “Five Previously Unreported Myanmar Mass Graves Confirmed,” February 1, 2018, https://www.bangkokpost.com/world/1405654/five-previously-unreported-myanmar-mass-graves-confirmed (accessed November 20, 2019).

၅၁ ICRC, “Myanmar: ICRC Denounces Major and Repeated Violations of International Law,” Press release of the International Committee of Red Cross, 29 June 2007, https://avarchives.icrc.org/Film/1160 (22 January 2020), ICRC audio visual archives.

၅၂ Mohsin Habib, Christine Jubb, Salahuddin Ahmad, Masudur Rahman, and Henri Pallard, Forced Migration of Rohingya: The Untold Experience (Ottawa, Canada: Ontario International Development Agency, 2018), https://trove.nla.gov.au/version/258690376

၅၃ Stephanie Nebehay, “Myanmar Generals Had ‘Genocidal Intent’ Against Rohingya, Must face Justice-UN”, Reuters, August 27, 2018, https://www.reuters.com/article/myanmar-rohingya-un/myanmar-generals-had-genocidal-intent-against-rohingya-must-face-justice-un-idUSL8N1VH04R (accessed December 30, 2019).

၅၄ Philip Spencer, Genocide Since 1945 (Routledge, 2012), 22.

၅၅ Simon-Skjodt Centre for the Prevention of Genocide, United States Holocaust Museum and Fortify Rights, “They Tried to Kill Us All: Atrocity Crimes against Rohingya Muslims in Rakhine State, Myanmar,” (Washington, DC: Fortify Rights, 2017), https://www.ushmm.org/m/pdfs/201711-atrocity-crimes-rohingya-muslims.pdf> (accessed September 23, 2019).

၅၆ The Conversation, “Myanmar charged with genocide of Rohingya Muslims: 5 Essential reads” December 12, 2019, https://theconversation.com/myanmar-charged-with-genocide-of-rohingya-muslims-5-essential-reads-128742> (accessed April 16, 2020).

၅၇ Office of the United Nations High Commissioner for Human Rights, “UN Independent International Fact-Finding Mission on Myanmar calls on UN Member States to remain vigilant in the face of the continued threat of genocide” (New York, 2019),https://www.ohchr.org/EN/NewsEvents/Pages/DisplayNews.aspx?NewsID=25197&La ngID=E> (accessed  April 15, 2020).

၅၈ United Nations Human Rights Council, “UN Independent International Fact-Finding Mission on Myanmar urges financial isolation of Myanmar military” (Geneva, 2019),  https://www.ohchr.org/EN/HRBodies/HRC/Pages/NewsDetail.aspx?NewsID=24608& LangID=E> (accessed  April 117,  2020).

၅၉ Agence France-Presse, “Aung San Suu Kyi faces first legal action over ‘existentialthreat’ to Rohingya”, The Telegraph, November 14, 2019, <https://www.telegraph.co.uk/news/2019/11/14/aung-san-suu-kyi-faces-first-legal-action-existential-threat/> (accessed February 21, 2020).

၆၀ Mia Swart, "ICJ orders Myanmar to protect Rohingya", Aljazeera, January 23, 2020, https://www.aljazeera.com/news/2020/01/icj-orders-myanmar-steps-protect-rohingya-200120121659438.html> (accessed April 23, 2020).

၆၁ Aljazeera,"Maldives hires Amal Clooney to represent Rohingya at UN", February 26, 2020, https://www.aljazeera.com/news/2020/02/maldives-hires-amal-clooney-represent-rohingya-200226103104220.html> (accessed April 23, 2020).

၆၂ Mohammad Nurul Islam, "Bangladesh faces refugee anger over term 'Rohingya' data collection," Reuters, November 26, 2018, https://www.reuters.com/article/us-myanmar-rohingya-bangladesh/bangladesh-faces-refugee-anger-over-term-rohingya-data-collection-idUSKCN1NV1EN> (accessed May 19, 2020).

၆၃ In September 2019, some analogous Rohingya refugee elders were interviewed.They stated Burmese agents have been trying to create a chaotic situation where the refugees feel embarrassed and lose sympathy and support of the host people and the government of Bangladesh.

၆၄ Arakan Rohingya National Organisation, "ARNO Welcomes the Bangladesh Government's Decision to Offer Formal Education to Rohingya Refugee Children", Press release, January 30, 2020, https://www.rohingya.org/arno-welcomes-the-bangladesh-governments-decision-to-offer-formal-education-to-rohingya-refugee-children/ (accessed February 14, 2020).

၆၅ The Daily Star, "Rohingya Repatriation Failure: PM blames Myanmar" September 12, 2019, https://www.thedailystar.net/frontpage/news/rohingya-repatriation-failure-pm-blames-myanmar-1798759 (accessed February 25, 2020).

၆၆ Mratt Kyaw Thu,"Rakhine Government to Sign Maungdaw Economic Zone with Mysterious Consortium" Frontier Myanmar, September 11, 2017, https://frontiermyanmar.net/en/rakhine-govt-to-sign-maungdaw-economic-zone-mou-with-mysterious-consortium (accessed January 11, 2020).

၆၇ Kyaw Ye Lynn, "Artillery Shells Kill 2 Rohingya Women in Myanmar," Anadolu Agency, January 25, 2020, https://www.aa.com.tr/en/asia-pacific/artillery-shells-kill-2-rohingya-women-in-myanmar/1713718 (accessed May 17, 2020).

